ကြေးမုံ The Mirror

၁၃၇၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၇ ရက်၊ တနင်္ဂနွေနေ့၊ (15-1-2012) (၇၀၀၅)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ကြီးအုံကြီးဝ ရေလှောင်တမံဘက်စုံစီမံကိန်းမှ ဓာတ်အားစတင်ထုတ်လွှတ်သည့် အခမ်းအနား ကျင်းပ

နိုင်ငံတော်ဓာတ်အားလိုင်းသို့ ချိတ်ဆက်ပေးသွားပြီး ထိုမှတစ်ဆင့် ရခိုင်ပြည်နယ်သို့ ဓာတ်အားပို့လွှတ်မည့်စီမံကိန်းတွင် ဖြည့်တင်းပေးမည်

နေပြည်တော် ဇန်နဝါရီ ၁၄

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ဇန်နဝါရီ ၁၃ ရက် ညနေ ၄ နာရီတွင် မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ကြီးအုံကြီးဝရေလှောင်တမံဘက်စုံစီမံကိန်းသို့ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၃) ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်က အလျားပေ ၃၂၈၀ နှင့် အမြင့် ၁၆၄ ပေရှိ ဇုန်တမံအမျိုးအစား တည်ဆောက်ပြီးစီးမှု၊ ရေလွှဲတူးမြောင်းနှင့် သံကူကွန်ကရစ်ရေပိုလွှဲ တည်ဆောက်ပြီးစီးမှု၊ ရေအားလျှပ်စစ်ထုတ်စက်ရုံအဆောက်အအုံနှင့် ရေယူအဆောက်အအုံ တည်ဆောက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ကြီးအုံကြီးဝရေလှောင်တမံဘက်စုံစီမံကိန်း၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဆက်လက်၍ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က ကြီးအုံကြီးဝရေလှောင်တမံ ဘက်စုံစီမံကိန်း ၁၀၀ ရာနှုန်း ပြီးစီးမှု၊ ပထမအဆင့် ရေအားလျှပ်စစ်ထုတ်ရန် ၃၇ မဂ္ဂါဝပ်စက်တစ်လုံး တပ်ဆင်ပြီးစီးမှုနှင့် ဖေဖော်ဝါရီလတွင် ဒုတိယအဆင့်စက်တစ်လုံး အပြီးတပ်ဆင်မည့် အခြေအနေများကို လည်းကောင်း၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းက လျှပ်စစ်ဓာတ်အားပေးလွှတ်နိုင်မည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ဤစီမံကိန်းသည် ယခင်တပ်မတော်အစိုးရလက်ထက် ခေါင်းဆောင်များက နိုင်ငံသားများ၏ ရေရှည်အကျိုးကို အမြော်အမြင်ကြီးမားစွာဖြင့် စတင်ချမှတ်အကောင်အထည် **စာမျက်နှာ ၃ ကော်လံ ၁ သို့**✳

မီသိန်းဓာတ်ငွေ့ထုတ်ယူမည့် နည်းစနစ်သစ် အမေရိကန်သိပ္ပံပညာရှင်များ စမ်းသပ်မည်

ဘာသာပြန် - စံစံ

ဝါရှင်တန် ဇန်နဝါရီ ၁၄

အမေရိကန်နိုင်ငံ အလာစကာပြည်နယ်၌ အေးခဲနေသည့်မြေလွှာအောက်ဘက်တွင် ခိုအောင်းနေသော မီသိန်းဓာတ်ငွေ့ကို ထုတ်ယူနိုင်မည့် နည်းလမ်းတစ်ရပ်နှင့်ပတ်သက်၍ ယခုလအတွင်း စမ်းသပ်မှုများ ပြုလုပ်မည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက ဇန်နဝါရီ ၁၄ ရက်တွင် ထုတ်ပြန်ကြေညာသည်။

အမေရိကန်စွမ်းအင်ဌာနမှ သိပ္ပံပညာရှင်များသည် တက္ကဆက်ပြည်နယ် ဟူစတန်မြို့အခြေစိုက် ရေနံကုမ္ပဏီဖြစ်သော ကိုနိုကိုဖီးလစ်ကုမ္ပဏီ၊ ဂျပန်ဓာတ်ငွေ့နှင့်ရေနံကုမ္ပဏီတို့မှ သုတေသီများနှင့်အတူ စမ်းသပ်လေ့လာမှုများ ပြုလုပ်ကြမည်ဖြစ်သည်။

စမ်းသပ်မှုအရ သိပ္ပံပညာရှင်များသည် ဓာတ်ငွေ့ဟိုက်ဒရိတ် ခိုအောင်းရာ နေရာအတွင်းသို့ နိုက်ထရိုဂျင်ဓာတ်ငွေ့ကို ထိုးသွင်းမည်ဖြစ်သည်။

လွန်ခဲ့သည့် ဆောင်းဥတုက ပရူဟိုးပင်လယ်အော်ရှိ ရေခဲပြင်လွှာ၌ တူးဖော်ခဲ့သော ဓာတ်ငွေ့ထုတ်လုပ်ရေးတွင်းကို အသုံးပြုကာ စမ်းသပ်လေ့လာမည်ဖြစ်သည်။

သိပ္ပံပညာရှင်များသည် ဓာတ်ငွေ့ဟိုက်ဒရိတ် ခိုအောင်းရာနေရာမှ မီသိန်းဓာတ်ငွေ့ကို ထုတ်ယူနိုင်ရန် သဘာဝဓာတ်ငွေ့တွင်းအတွင်းသို့ စွန့်ပစ်ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကို မှုတ်သွင်းကာ နည်းပညာသစ်ကို ရှာဖွေ **စာမျက်နှာ ၃ ကော်လံ ၅ သို့** ❖

မွေးမြူရေးနှင့် ရေလုပ်ငန်းတွင် ပြည်ပရင်းနှီးမှု အများအပြားဝင်လာနိုင် နိုင်ငံခြားဝင်ငွေရရှိရေး၊ အလုပ်အကိုင်ရရှိရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၁၄

မြန်မာနိုင်ငံ၏ နိုင်ငံတကာဆက်ဆံရေး ပြောင်းလဲတိုးတက်လာမှု အခြေအနေများအရ နိုင်ငံပိုင် ရေမြေတောတောင်သဘာဝနှင့် ကိုက်ညီသော မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍနှင့် သမဝါယမလုပ်ငန်းကဏ္ဍတို့တွင် ပြည်ပရင်းနှီးမြှုပ်နှံမှုများ အများအပြားဝင်ရောက် ရင်းနှီးမြှုပ်နှံလာနိုင်ကြောင်း၊ ပြည်ပပို့ကုန်များ တိုးတက်ထုတ်လုပ်တင်ပို့လာနိုင်မည်ဖြစ်ကြောင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှု များပြားလာခြင်းကြောင့် **စာမျက်နှာ ၃ ကော်လံ ၃ သို့**◆

သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် ကျောက်တန်းမြို့နယ်ရှိ ကဏန်းများကမ္ဘာ စက်မှုလက်မှုကုမ္ပဏီလီမိတက်၏ ကဏန်းမွေးမြူရေးကန်များကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကြေးမုံစာတည်းရှုထောင့် ၁၅-၁-၂၀၁၂(တနင်္ဂနွေနေ့)။

ကြိုးတန်းပေါ်က မင်းသမီးနှင့် မြည်းတစ်ကောင်

ဝန်ထမ်းများမက်သည့် အိပ်မက်ထဲတွင် ဖုန်းသည်လည်း တစ်ခု အပါအဝင်ဖြစ်သည်။ ဖုန်းဟုဆိုရာတွင် hand phone ခေါ်၊ mobile phone ခေါ် လက်ကိုင်ဖုန်းက ပို၍အဓိကကျသည်ဟု ဆိုရမည်။ အိမ်ပိုင်ယာပိုင် ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ လက်ထဲတွင် ကိုင်ဆောင်နိုင်သောဖုန်းမျိုး ဖြစ်၍ မျှော်လင့်ကြခြင်းလည်းဖြစ်သည်။

လက်ကိုင်ဖုန်းများ မိမိတို့နိုင်ငံတွင် စတင်တပ်ဆင်သည့်ကာလ ဝန်ထမ်းများ ကိုင်နိုင်သည်၊ မကိုင်နိုင်သည်အပထား သက်ဆိုင်ရာဝန်ကြီး ဌာနက အယုတ်အလတ်အမြတ်မရွေး ချထားပေးခဲ့ပါသည်။ ပေါ်ဦး ပေါ်ဖျားမှာ ဖုန်းရသွားကြသူဝန်ထမ်းများအဖို့ ထီပေါက်သည့်နှယ်ပင် ဖြစ်သည်။ ပြင်ပပေါက်ဈေးမြင့်မားလှသော လက်ကိုင်ဖုန်းကို ပြန်ရောင်းချကာ မိမိတို့ရသော လစာသက်သက်မျှဖြင့် ဘဝတစ်သက်တာတွင် ဝယ်ယူရန် မျှော်မှန်း၍မရနိုင်သော အိမ်ပိုင် ယာပိုင်ဘဝသို့ ရောက်ခဲ့ကြသည့် ကံထူးရှင်ဝန်ထမ်းများရှိခဲ့ကြသည်။ ကံမထူးသူ ဝန်ထမ်းများကတော့ ဆက်၍ ဆက်၍ မျှော်ကြရသည်။

ယင်းနောက် မိုဘိုင်းလ်ဖုန်းစနစ်အမျိုးမျိုးတို့ ထပ်မံပေါ်ပေါက်လာသည်။ ကနဦးတပ်ဆင်စရိတ်ဆိုသည်မှာလည်း ယခင်နှင့်နှိုင်းစာလျှင် တစ်ဆင့်ပြီးတစ်ဆင့် ကျဆင်းလာသည်။ တစ်ချိန်ချိန်တွင် မိမိတို့လည်း ကိုင်နိုင်လာလိမ့်မည်ဟု မျှော်လင့်ရင်းဖြင့် ပင်စင်ယူသူလည်း ယူသွားကြကုန်ပြီ။ လက်ရှိအချိန်တွင် ချထားပေးလျက်ရှိသောဖုန်းစနစ်၏ ကနဦးတပ်ဆင်စရိတ်သည်ပင် သာမန်ဦးစီးအရာရှိအဆင့်ဝန်ထမ်းတစ်ဦးအဖို့ ကိုင်ဆောင်ရန် လွယ်ကူလှသော အခြေအနေတွင် မရှိ။ အခြားအဆင့်ဝန်ထမ်းများအနေဖြင့် ဆိုလျှင်ကား ဆိုဖွယ်ရာမရှိပြီ။ စိတ်ကူးအိပ်မက်ထဲ၌ပင် ဝေးဝေးမှာနေနေ ရသည်။ သို့ရာတွင် မျှော်လင့်ခြင်းတို့ လုံးလုံးပျောက်ကွယ်သွားခြင်းတော့မဟုတ်။

နောက်ထပ် သုံးသိန်းတန်ဖုန်းများ လာဦးမည်ဆိုသော သတင်းများ၊ သုံးသိန်းမဟုတ်ဘဲ နှစ်သိန်းခွဲမျှသာဖြစ်မည်ဆိုသော သတင်းများ၊ အရစ်ကျ စနစ်ဖြင့် ရောင်းချပေးဦးမည်ဆိုသော သတင်းများ စသည့်စသည့် တစ်ယောက် စကား တစ်ယောက်နားဖြင့် ရုံးပေါက်ဝအနှံ့ ပျံ့နေသောသတင်းများက မျှော်လင့်ခြင်းတို့ကို နိုးထရှင်သန်နေစေသည်။ ပြီးခဲ့သော လွှတ်တော်ကာလ အတွင်း လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက အိမ်နီးချင်းနိုင်ငံများမှာကဲ့သို့ ကနဦးတပ်ဆင်ခမပေးရဘဲ လက်ကိုင်ဖုန်းများ ချထားပေးရန် အစီအစဉ်ရှိ၊ မရှိ မေးမြန်းသောအခါ အဆိုပါလွှတ်တော်ကိုယ်စားလှယ်ကို ဖုန်းမျှော်သူတို့က သာခုခေါ်ကြသည်။ နောင်တွင် ဖြစ်လာလိမ့်မည်၊ တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်နေပါသည်ဟု သက်ဆိုင်ရာက ပြန်လည်ရှင်းလင်းသောအခါတွင် မူကား မိမိတို့၏ မျှော်လင့်ခြင်းအိပ်မက် ရှည်လျားလိမ့်ဦးမည်ဟုသာ စိတ်ကို တုံးတုံးချထားလိုက်ကြသည်။

သို့တိုင်အောင် ထန်းရည်မူးပြီး ပြုတ်ကျသော ဆက်ရက်သည် အမူး ပြေလျှင် ထန်းပင်ပေါ် ပြန်ရောက်သကဲ့သို့ပင် မကြာသေးမီက ကနဦးတပ်ဆင်ခ ကျပ် ၅၀၀၀ သာ ပေးရမည်ဆိုသည့် မိုဘိုင်းလ်ဖုန်းစနစ်တစ်ခု တည်ဆောက်ရန် ကုမ္ပဏီတစ်ခုက ကြိုးပမ်းနေကြောင်း သတင်းများ၊ ဂျာနယ်စာမျက်နှာများပေါ်၌ ပေါ်ထွက်လာပြန်သောအခါ ဖုန်းမျှော်သူတို့ ပြန်လည်နိုးထလာရပြန်သည်။ တစ်ဖက်မှ သက်ဆိုင်ရာဌာနတာဝန်ရှိသူက ဥပဒေအရလည်းကောင်း၊ နည်းပညာအရလည်းကောင်း မဖြစ်နိုင်သေးပါကြောင်း ရှင်းလင်းလိုက်ပြန်သော အခါ စောစောက မျှော်လင့်ခြင်းဖြင့်နိုးထလာခဲ့သော ဝန်ထမ်းတို့ခမျာမှာ. . .

တစ်ခါက သတင်းစာဆရာကြီးတစ်ဦးပြောဖူးသော ပုံပြင်လေး တစ်ပုဒ်မှာ ဤသို့ဖြစ်သည်-

ဆပ်ကပ်ဆရာတစ်ယောက်သည် သူ၏ ချောမောလှပစွာသောသမီးပျို ကလေးကို ကြိုးတန်းလမ်းလျှောက်နည်း သင်ပေးနေသည်။ ကျွမ်းကျွမ်း ကျင်ကျင် လှလှပပ လျှောက်တတ်စေရန် သင်ကြားပေးရင်း ကြိုးတန်းပေါ်မှ ပြုတ်မကျစေရန် သတိပေးသည့်အနေဖြင့် သမီးဖြစ်သူကို "ကြိုးတန်းပေါ်က ပြုတ်ကျလို့ကတော့ နင့်ကို ဟိုမြည်းနဲ့ ပေးစားမယ်"ဟု ဆပ်ကပ်ထဲတွင် မွေးထားသည့် မြည်းကို လက်ညှိုးထိုးပြကာ ခြိမ်းခြောက်လေသည်။ မြည်းကလည်း ထိုစကားကို ကြားလေသည်။

ထိုနေ့မှစ၍ ထိုမြည်းသည် ဆပ်ကပ်ရုံမှခွာ၍ ဘယ်ကိုမှမသွား။ သစ်ရွက်နုနှင့် မြက်စိမ်းစိမ်းတို့ကိုလည်း လျှောက်မစား။ သူ့အဖြစ်ကို အခြား မြည်းတစ်ကောင်က သတိထားမိ၍ မေးသောအခါ သူကလည်း ပွင့်ပွင့် လင်းလင်းနှင့် ရိုးသားစွာ ဖြေရှာသည်။ "ကြိုးတန်းပေါ်က မင်းသမီးလေး ကျလာမယ့် အချိန်ကို ငါစောင့်နေတာပါ"ဟု ဆို၏။

ထိုပုံပြင်ကလေးမှာ အဆုံးမရှိပါ။ ကြိုးတန်းပေါ်က မင်းသမီးကလေး ကျ၊ မကျ ပုံပြင်ထဲမှာ မပါ။ အကယ်၍ ကျလာသည် ဆိုသည့်တိုင်အောင် မင်းသမီးနှင့် မြည်းဟူသည်. . .॥ ॥

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံများမှ နိုင်ငံအကြီးအကဲများက သဝဏ်လွှာများ ပေးပို့

၂၀၁၂ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ လည်းကောင်း၊ ဒုတိယသမ္မတများနှင့် နိုင်ငံခြားရေးဝန်ကြီးထံသို့ လည်းကောင်း နိုင်ငံတကာမှ နိုင်ငံအကြီးအကဲများနှင့် ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့ခဲ့ကြသည်။

မွန်ဂိုလီးယားနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ မွန်ဂိုလီးယားနိုင်ငံသမ္မတ TSAKHIA ELBEGDORJ က ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

အဆိုပါ သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ အဆွေတော်သမ္မတကြီးနှင့် မြန်မာပြည်သူပြည်သားအားလုံးအတွက် ဝမ်းမြောက်မိ ပါကြောင်း။

နှစ်နိုင်ငံ ပြည်သူများ၏ အကျိုးစီးပွားနှင့် ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်ရေး အတွက် နှစ်နိုင်ငံအကြား ခင်မင်ရင်းနှီးပြီးဖြစ်သော ဆက်ဆံရေးကို အရှိန်အဟုန် မြှင့်တင်ရန် အဆွေတော်နှင့် လက်တွဲဆောင်ရွက်နိုင်ခဲ့ခြင်းကို မိမိအနေဖြင့် ကျေနပ် အားရမိပါကြောင်း။

အဆွေတော်သမ္မတကြီး ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့ပါစေကြောင်းနှင့် မြန်မာပြည်သူ၊ ပြည်သားများအားလုံး စည်ပင်ဝပြောပါစေကြောင်း ဆုတောင်း မေတ္တာပို့သအပ်ပါသည်ဟု သဝဏ်လွှာတွင် ဖော်ပြထားသည်။

— — — — —

ဆူဒန်သမ္မတနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ဆူဒန်သမ္မတ ဟာဆန်အာမက် အဲလ်ဘာရှီးက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

အဆိုပါ သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ ဆူဒန်ပြည်သူပြည်သားအားလုံးနှင့် ဆူဒန်သမ္မတနိုင်ငံ၏ အစိုးရအဖွဲ့ကိုယ်စား အနေဖြင့်လည်းကောင်း၊ မိမိအနေဖြင့်လည်းကောင်း ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

နှစ်နိုင်ငံအကြား ချစ်ခင်ရင်းနှီးစွာတည်ရှိပြီးဖြစ်သော ဆက်ဆံရေးသည် ပိုမို တိုးတက်ခိုင်မာလာမည်ဟု မိမိအနေဖြင့် မျှော်လင့်ထားပါကြောင်း။

အနာဂတ်ကာလတွင် အဆွေတော်နှင့် အဆွေတော်၏ နိုင်ငံသူ၊ နိုင်ငံသား အားလုံး ကျန်းမာချမ်းသာကြပါစေရန် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်းဟု သဝဏ်လွှာတွင် ဖော်ပြထားသည်။

— — — — —

မလေးရှားနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတို ဆရီ မိုဟာမက် နာဂျစ် တွန်းရာဇတ်က ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

အဆိုပါ သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ မလေးရှား ပြည်သူများနှင့် အစိုးရအဖွဲ့ကိုယ်စား မိမိအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း။

အနာဂတ်ကာလ၌ မိမိတို့နှစ်နိုင်ငံအကြား တည်ရှိပြီးဖြစ်သော ဆက်ဆံရေးမှာ ပိုမိုခိုင်မာလာမည်ဟု ယုံကြည်ပါကြောင်း သဝဏ်လွှာ၌ ဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ် ဝတ္ထုတိုပြိုင်ပွဲ ဆုရရှိသူများစာရင်း ကြေညာ

ရန်ကုန် ဇန်နဝါရီ ၁၄

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဖိတ်ခေါ်ကျင်းပခဲ့သော ဒို့ကျေးရွာဂျာနယ် ဝတ္ထုတိုစာမူပြိုင်ပွဲ၏ ဆုရရှိသူများ အမည်စာရင်းကို စာမူစိစစ်ရွေးချယ်ရေးအဖွဲ့က ယနေ့ ထုတ်ပြန်ကြေညာလိုက်သည်။

ဒို့ကျေးရွာဂျာနယ် ဝတ္ထုတိုပြိုင်ပွဲတွင် ပထမဆု ဦးရွှေသိဏ်း (ရဲရင့်ကျော်)က "ငြိမ်းငြိမ်းချမ်းချမ်း ရွာပါမိုး" စာမူဖြင့်လည်းကောင်း၊ ဒုတိယဆု ဦးခင်မောင်ရွှေ (တောမြင့်မြေ-ကျွန်းလှယဉ်)က " မိုးသက်မုန်တိုင်းစဲသောအခါ" စာမူဖြင့်လည်းကောင်း၊ တတိယဆု ဦးရဲဝင်း (ရဲမြတ်တင်)က "ပွင့်တူရွက်တူ" စာမူဖြင့်လည်းကောင်း၊ ဂုဏ်ပြုဆုများအဖြစ် ဦးကျော် (မောင်ယဉ်လှိုင်း-ပျဉ်းမမြိုင်)က "ထိုနေ့က မိုးရွာသည်" စာမူဖြင့်လည်းကောင်း၊ ဦးသောင်းရွှေ (ကေတုမောင်ညိုလင်း)က "သဘာဝဘေးပြေးတွေ့ကြသူများ" စာမူဖြင့်လည်းကောင်း၊ ဦးကြည်သောင်း (သိခ်သူ)က "ကျေးရွာနံဘေးက နိဗ္ဗာန်ဈေး " စာမူဖြင့် လည်းကောင်း၊ ဦးစံဝင်း (မောင်စံဝင်း-ဗန်းမော်)က "အဖေမြင်လှည့်စေချင်သည်" စာမူဖြင့်လည်းကောင်း၊ ဦးအေထူးအောင် (အေထူးအောင်အဏ္ဏဝါ)က "အမွေစစ် " စာမူဖြင့်လည်းကောင်း အသီးသီး ဆုရရှိခဲ့ကြသည်။

ဒို့ကျေးရွာဂျာနယ် ဝတ္ထုတိုပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများအား နေပြည်တော်၌ ကျင်းပမည့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ နှစ်ပတ်လည်နေ့အခမ်းအနားတွင် ဆုများ ပေးအပ်ချီးမြှင့်မည်ဖြစ်သည်။ ဂုဏ်ပြုဆုရရှိသူများအား မိမိတို့နေထိုင်သည့် ခရိုင်နှင့်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများ၌ ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မှတ်တမ်းလွှာပေးအပ်

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၄၂) အခြေခံပညာ မူလတန်းကျောင်း၏ ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်း ပေးအပ်ပွဲကို အဆိုပါကျောင်း၌ ဇန်နဝါရီ ၈ ရက်ကကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာနဝန်ကြီး ဦးသန်းမြင့်က ပေ ၁၆၀× ပေ ၃၀ သစ်သား၊ အုတ်ညှပ်တစ်ထပ်တိုက်စာသင်ခန်း ရှစ်ခန်းပါ အဆောက်အအုံ ကုန်ကျငွေကျပ် သိန်း ၆၅၀ ကို လှူဒါန်းပေးခဲ့သော အလှူရှင် ဦးမျိုးနိုင်-ဒေါ်ခင်သစ်လွင်(အောင်ထက်လွင်ကုမ္ပဏီ)အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။ (ကြေးမုံ)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၅-၁-၂၀၁၂ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၄ ၁။ နိုင်ငံတော်သီချင်း
၇း၀၅ ၂။ တရားတော်
၇း၁၅ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာ့ရှုခင်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ ဇာတ်လမ်းတို
၈း၂၅ ၁၂။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁း၀၄ ၁။ နိုင်ငံတော်သီချင်း
၁၁း၀၅ ၂။ အဖွင့်သီချင်း
၁၁း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၁း၁၅ ၄။ သာယာသီကြွေးခေတ်ဆန်းတေး
၁၁း၂၀ ၅။ **ကာတွန်းအစီအစဉ် -ကြောင်ကလေးအော်ဂီနှင့် ပိုးဟပ်ရှုပ်ကလေးများ (အပိုင်း-၂၂)**
၁၁း၅၀ ၆။ **မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် -ယောကျ်ားတစ်ယောက်ရဲ့ မျက်ရည်**
၁၂း၄၀ ၇။ ကျန်းမာသုတ
၁၂း၅၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
၁း၀၀ ၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဖြူစင်သောနှလုံးသား (အပိုင်း-၅၁)**

ညပိုင်း

၄း၀၂ ၁။ နိုင်ငံတော်သီချင်း
၄း၀၃ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၁၅ ၄။ မြန်မာသံစဉ်ချိုနားဝင်
၄း၂၀ ၅။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၄း၃၀ ၆။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၄း၃၅ ၇။ ကြက်ခြေနီ
၄း၄၀ ၈။ မွန်မြတ်သူတို့နှလုံးသား (ဇာတ်လမ်းတို)
၄း၅၀ ၉။ ရန်သူမီး
၅း၀၀ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၅း၃၀ ၁၁။ ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆း၃၀ ၁၄။ ဘဝကြေးမုံ -သုံးပန်လှသက်လှယ်(၂) (ပိုင်ဖေရဲထွန်း၊ လင်းဇာနည်ဇော်၊ ဝါဝါအောင်နှင့် သရုပ်ဆောင်များ) [ဒါရိုက်တာ-ဆဲဗင်း(အိုင်စီ)]
၆း၅၀ ၁၅။ ဂင်းနစ်ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ
၇း၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်ခွန်းဖွဲ့သီချစ်သူဆီ (အပိုင်း-၄၁)**
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ နိုင်ငံတကာသတင်း
၂၀။ မိုးလေဝသသတင်း
၂၁။ ယနေ့ရန်ကုန်မြင်ကွင်းစုံ
၂၂။ ပဟေဠိနန်းတော်
၂၃။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -တစ်နေ့သောအခါ (အပိုင်း-၆)**
၂၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အိမ်အပြန်လမ်း (အပိုင်း-၁၁၃)**

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၄ - ၁ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၁. ၈၀၀၀	၀. ၀၃၁၄၅
တရုတ် (ယွမ်)	၆. ၃၀၆၅၀	၀. ၁၅၈၅၇
အိန္ဒိယ (ရူပီး)	၅၁. ၅၂၂၅	၀. ၀၁၉၄၁
မလေးရှား (ရင်းဂစ်)	၃. ၁၃၃၀၀	၀. ၃၁၉၁၈
စင်ကာပူ (ဒေါ်လာ)	၁. ၂၉၂၇၅	၀. ၇၇၃၅၆
ဂျပန် (ယန်း)	၇၆. ၉၇၀၀	၀. ၀၁၂၉၉
တောင်ကိုရီးယား(ဝမ်)	၁၁၅၀. ၁၉	၀. ၀၀၀၈၇
ယူရို	၀. ၇၈၈၇၁	၁. ၂၆၇၉၀
ဗြိတိသျှ (ပေါင်)	၀. ၆၅၂၈၅	၁. ၅၃၁၇၅

အင်တာနက်။

✳ ကြီးအုံကြီးဝမှ

ဖော်ပေးခဲ့ခြင်းဖြစ်ရာ မိမိတို့ နိုင်ငံတော်အစိုးရသစ်ကာလတွင် အဆိုပါတာဝန်ကို ယခုကဲ့သို့ ပခုံးပြောင်းလက်ဆင့်ကမ်းထမ်းဆောင်ပြီး ဆည်မြောင်းပညာရှင်များ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ပညာရှင်များ၏ အားထုတ်မှုဖြင့် အချိန်တိုကာလအတွင်း အကောင်အထည်ဖော်နိုင်ခဲ့မှုများမှာ ဝမ်းမြောက်ဂုဏ်ယူဖွယ်ရာဖြစ်ကြောင်း။

ဤစီမံကိန်းလုပ်ငန်းများကို စတင်အကောင်အထည်ဖော်သည်မှ ယနေ့ကာလအထိပါဝင်ကြိုးပမ်းထမ်းဆောင်ခဲ့သည့် ပညာရှင်များ၏ လုပ်ဆောင်ချက်များကို မှတ်တမ်းများ စနစ်တကျပြုစုထားရှိရန် လိုအပ်ကြောင်း၊ ယခုစတင်လည်ပတ်သည့် ၃၇ မဂ္ဂါဝပ်စက်မှ ရေအားလျှပ်စစ်ပို့လွှတ်မှုများကို နိုင်ငံတော်ဓာတ်အားလိုင်းသို့ ချိတ်ဆက်ပေးသွားပြီး ထိုမှတစ်ဆင့် ရခိုင်ပြည်နယ်သို့ ဓာတ်အားပို့လွှတ်မည့် စီမံကိန်းလုပ်ငန်းများပြီးစီးသည့်အချိန်တွင် ဤ ကြီးအုံကြီးဝ ရေအားစီမံကိန်းမှ ရခိုင်ပြည်နယ်၏ လျှပ်စစ်ဓာတ်အားလိုအပ်မှုကိုဖြည့်တင်းပေးနိုင်မည်ဖြစ်၍ ပြည်နယ်အနေဖြင့် တိုးတက်ဖြစ်ထွန်းမှုအကျိုးစီးပွားများကို ရရှိခံစားစေမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပထမအဆင့် ၃၇ မဂ္ဂါဝပ်စက်တစ်လုံးမှ လျှပ်စစ်ဓာတ်အား စတင်ထုတ်လွှတ်သည့်အခမ်းအနားကိုကျင်းပရာ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စက်ခလုတ်နှိပ်၍ လျှပ်စစ်ဓာတ်အား တာဘိုင်များကို လည်ပတ်စေပြီး ဓာတ်အားပို့လွှတ်မှုကို စတင်ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် Goundong ကုမ္ပဏီမှ လျှပ်စစ်ပညာရှင်များအား သစ်သီးခြင်းများပေးအပ်ပြီး ရေအားလျှပ်စစ်တာဘိုင်များနှင့် Generator များ၊ ကွန်ပျူတာထိန်းချုပ်ခန်းနှင့် တမံ၏ခိုင်ခံ့မှုများ၊ ကန်ရေပြည့်သိုလှောင်နိုင်မှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဤကြီးအုံကြီးဝရေလှောင်တမံဘက်စုံစီမံကိန်းကို ၂၀၀၂-၂၀၀၃ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့ပြီး ယခု ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ပြီးစီးမည်ဖြစ်သည်။ ရေအားလျှပ်စစ်စက်တပ်ဆင်အား ၃၇ မဂ္ဂါဝပ်စက် နှစ်လုံး စုစုပေါင်း ၇၄ မဂ္ဂါဝပ်မှ နှစ်စဉ်ပျမ်းမျှထုတ်လွှတ်မည့် လျှပ်စစ်စွမ်းအား ကီလိုဝပ်နာရီသန်းပေါင်း ၃၇၀ ဖြစ်ပြီး ဆည်ရေပေးဝေနိုင်မည့်ဧရိယာမှာ ဧက ၉၆၀၀၀ ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

◆ မွေးမြူရေးမှ

ရရှိလာသောအခြေအနေကောင်းများကို အသုံးချကာ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်စေရေးအတွက် ဆောင်ရွက်နိုင်ကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းများလည်းရရှိလာနိုင်ပါကြောင်း၊ သဘာဝရေမြေတောတောင် အခြေခံကောင်းများကို အသုံးချကာ ရှိပြီးဖြစ်သည့် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများကို လုပ်ငန်းကြီးများဖြစ်ထွန်းလာနိုင်ပြီး နိုင်ငံခြားဝင်ငွေရရှိရေး၊ အလုပ်အကိုင်ရရှိရေးများကို ဆောင်ရွက်ရာတွင် မိမိတို့ဝန်ကြီးဌာနများအနေဖြင့် ပြင်ဆင်သင့်သည်များကို ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်းဖြင့် သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ကဏန်းမွေးမြူရေးဇုန်ရှိ ကဏန်းများကမ္ဘာစက်မှုလက်မှုကုမ္ပဏီလီမိတက် (Crabs World Manufacturing Co., Ltd.) အစည်းအဝေးခန်းမ၌ ကဏန်း၊ ပုစွန် စီးပွားဖြစ်လုပ်ကိုင်နေသော လုပ်ငန်းရှင်များ၊ ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာနနှင့် ငါးလုပ်ငန်းဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ ကျောက်တန်းမြို့နယ် အုပ်ချုပ်ရေးမှူး၊ သန်လျင်နှင့် ကျောက်တန်းမြို့နယ် သမဝါယမဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ ငါးလုပ်ငန်းဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများအား တွေ့ဆုံစဉ် မှာကြားသည်။

ရှေးဦးစွာ ကဏန်းများကမ္ဘာ စက်မှုလက်မှုကုမ္ပဏီလီမိတက်၊ အောင်မိုးခိုင် စက်မှုလက်မှုကုမ္ပဏီလီမိတက်၊ ပုလဲနဒီ ကုမ္ပဏီလီမိတက်၊ နေကြာပန်း ကုမ္ပဏီလီမိတက်၊ ဝင်းနားဘရားသား ကုမ္ပဏီလီမိတက်တို့မှ မန်နေဂျင်းဒါရိုက်တာများက ကုမ္ပဏီအလိုက် ကဏန်း၊ ပုစွန်မွေးမြူရေးလုပ်ကိုင်ကြသည့် မြေအကျယ်အဝန်း၊ မွေးမြူသည့် အကောင်အရေအတွက်၊ သန့်စင်ထုတ်လုပ်နိုင်မှု၊ ဝန်ထမ်းများအခြေအနေ၊ လက်ရှိကြုံတွေ့နေရသော အခက်အခဲများအား ရှင်းလင်းတင်ပြကြသည်။

ပြည်ထောင်စုဝန်ကြီးက မှာကြားရာတွင် လူတစ်ဦးချင်း၌ အသက်ရှင်ရန် လိုအပ်သည့် ကံ၊ စိတ်၊ ဥတု၊ အာဟာရတို့တွင် အာဟာရဓာတ်ပြည့်စုံရန် လိုအပ်ကြောင်း၊ အရည်အသွေးပြည့်မီသော အာဟာရဖြစ်စေမည့် သားငါးများကို စားသုံးခြင်းဖြင့် ဉာဏ်ရည်ဉာဏ်သွေးထက်မြက်သည့် လူ့စွမ်းအားအရင်းအမြစ်များ ရရှိလာကာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

လုပ်ငန်းရှင်ကြီးများအနေဖြင့်လည်း လုပ်ငန်းများကို တစ်ဦးချင်းလုပ်ကိုင်ဆောင်ရွက်ခြင်းထက် ဝိုင်းဝန်းတိုင်ပင် ဆွေးနွေးညှိနှိုင်းဖြေရှင်းခြင်း (Public Private Partnership) ပြုလုပ်ပါက တွေ့ကြုံရသည့် အခက်အခဲများ၊ စိန်ခေါ်မှုများကို အလွယ်တကူ ဖြေရှင်းဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်း၊ ကဏန်း၊ ပုစွန်များကို မွေးမြူထုတ်လုပ်ရာတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနိုင်ရေးကို ရည်ရွယ်ပြီး ခယာ၊ သစ်မောင်း၊ လမု၊ လမဲ့တော၊ ဒီရေတောများအား ကာကွယ်ထိန်းသိမ်းခြင်း၊ ပြုစုပျိုးထောင်စိုက်ပျိုးခြင်းဖြင့် ကဏန်း၊ ပုစွန်သားပေါက်များအား သဘာဝရှင်သန်ပေါက်ပွားမွေးမြူနိုင်ရေးဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် ကိုယ်ပိုင်ဒီရေတောဖြင့် သဘာဝ ကဏန်းသားပေါက်များရရှိလာပြီး ကဏန်းပေါက် ကုန်ကြမ်းဝယ်ယူစရိတ်လျော့ကျလာမည် ဖြစ်သကဲ့သို့ နိုင်ငံတော်နှင့် ပြည်သူများအတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုလည်း ဆောင်ရွက်ပေးသည့် အကျိုးနှစ်မျိုးကို တစ်ပြိုင်တည်း ရရှိလာနိုင်မည်ဖြစ်ကြောင်း။

သမဝါယမကောလိပ်များမှ မွေးထုတ်ပေးလိုက်သည့် Youth Co-operator များနှင့် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်မှ မွေးထုတ်ပေးလိုက်သည့် မွေးမြူဆေးကုဆရာဝန်များကို လုပ်ငန်းရှင်ကြီးများလုပ်ကိုင်နေသော ကုမ္ပဏီများတွင် အလုပ်အကိုင်ရရှိရေးဆောင်ရွက်ပေးရန်နှင့် သမဝါယမကောလိပ်များနှင့် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်တို့မှ ကျောင်းသား၊ ကျောင်းသူများအား လုပ်ငန်းခွင်အတွေ့အကြုံရရှိရေးအတွက် လက်တွေ့နယ်ပယ်သို့ ကွင်းဆင်းလေ့လာဆောင်ရွက်ရာတွင် လုပ်ငန်းရှင်ကြီးများအနေဖြင့် နိုင်ငံအကျိုးအတွက် ရေရှည်မျှော်မှန်း၍ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း။

ကုမ္ပဏီဝန်ထမ်း၊ အလုပ်သမားများအတွက် ဝန်ထမ်းများသက်သာချောင်ချိရေးအသင်းများ၊ အစုအဖွဲ့များအား သမဝါယမနည်းလမ်းများဖြင့် ဖွဲ့စည်းဆောင်ရွက်ခြင်းသည် ဒီမိုကရေစီစနစ်၏ အခြေခံပင်ဖြစ်ကြောင်း၊ ဝန်ထမ်း၊ အလုပ်သမားများ၏ စွမ်းဆောင်ရည်တိုးတက်မြင့်မားလာမှသာ ကုမ္ပဏီ၏စွမ်းအား တိုးတက်လာမည်ဖြစ်ကြောင်း၊ ဝန်ထမ်းအလုပ်သမားများ၏ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စားဝတ်နေရေးအခြေအနေများအတွက် ကောင်းမွန်အောင်ဆောင်ရွက်ပေးနိုင်သည့် စနစ်သည် သမဝါယမစနစ်ဖြစ်ကြောင်းဖြင့် ပြောကြားပြီး ပြည်ထောင်စုဝန်ကြီးသည် ကန်များအတွင်း ကဏန်းမွေးမြူထားသည့် အခြေအနေများ၊ အအေးခန်းစက်ရုံအတွင်း ကဏန်းပျော့များအား ပြည်ပသို့တင်ပို့နိုင်ရန် ပြုပြင်မွမ်းမံထုပ်ပိုးနေမှုအခြေအနေများ၊ သိုလှောင်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးပြီး အောင်မိုးခိုင်စက်မှုလက်မှုကုမ္ပဏီလီမိတက်၏ ကဏန်းမွေးမြူထားရှိမှု အခြေအနေများကို ဆက်လက်ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် သာကေတမြို့နယ်ရှိ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန ပဋ္ဌိဇီဝဓာတ်ကြွင်းနှင့် ဗိုင်းရပ်စ်ပိုးစစ်ဆေးရေး ဓာတ်ခွဲခန်းကို ဝင်ရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရောဝတီတိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင် ၂၀၁၂-၂၀၁၃ ခုနှစ် နွေစပါး စိုက်ပျိုးစရိတ်နှင့် သွင်းအားစု ပံ့ပိုး ပစ္စည်း ပေးအပ် ပွဲ အခမ်းအနား၌ အမှာ စကား ပြောကြားစဉ်။ (သတင်းစဉ်)

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် နွေစပါးစိုက်ပျိုးစရိတ်နှင့် သွင်းအားစုပံ့ပိုးပစ္စည်းပေးအပ်ပွဲ တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၁၄

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်သည် ဇန်နဝါရီ ၁၃ ရက် နံနက် ၁၀ နာရီတွင် ပုသိမ်မြို့ အမှတ်(၁၄) ရပ်ကွက်ရှိ မင်္ဂလာဆန်စက်၌ကျင်းပသည့် ၂၀၁၂-၂၀၁၃ ခုနှစ် နွေစပါးစိုက်ပျိုးစရိတ်နှင့် သွင်းအားစု ပံ့ပိုးပစ္စည်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ယခုကဲ့သို့ စိုက်ပျိုးစရိတ်များနှင့်သွင်းအားစုများ ပံ့ပိုးပေးသော မင်္ဂလာဆန်စက်လုပ်ငန်းပိုင်ရှင် ဦးမြသန်းနှင့် ဇနီး ဒေါ်ဟိုက်ဝေးမိသားစုအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ တောင်သူလယ်သမားများအနေဖြင့်လည်း လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထား ဆောင်ရွက်သွားကြစေလိုကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် လုပ်ငန်းရှင်များအနေဖြင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဘက်ဘက်က ပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်းနှင့် တောင်သူလယ်သမားများအနေဖြင့် ခေတ်မီစက်ကိရိယာများအသုံးပြု၍ စပါးအထွက်နှုန်းတိုးတက်ရေး ဆောင်ရွက်သွားကြရန်၊ မျိုးကောင်း၊ မျိုးသန့် အထွက်တိုးစပါးမျိုးများ ရွေးချယ်စိုက်ပျိုးသွားကြရန်၊ ခေတ်မီသိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များ ပြောင်းလဲစိုက်ပျိုးသွားကြရန် မှာကြားသည်။

ထို့နောက် စိုက်ပျိုးစရိတ် ထုတ်ချေးရခြင်း ရည်ရွယ်ချက်ကို မင်္ဂလာဆန်စက် လုပ်ငန်းပိုင်ရှင် ဒေါ်ဟိုက်ဝေးက ရှင်းလင်းတင်ပြ၍ ပေါက်ကုန်းကျေးရွာ လယ်သမား ၅၀ အတွက် ထုတ်ချေးငွေကျပ် ၉၇၅ သိန်း၊ ပန်းပင်ဆိပ် ကျေးရွာ လယ်သမား ၂၅ ဦးအတွက် ထုတ်ချေးငွေကျပ် ၅၈၅ သိန်း၊ အောင်သာကျေးရွာ လယ်သမားရှစ်ဦးအတွက် ထုတ်ချေး ငွေကျပ် ၁၉၅ သိန်း၊ သက္ကယ်ချောင်ကျေးရွာ လယ်သမား ၂၅ ဦးအတွက် ထုတ်ချေး ငွေကျပ် ၆၀၄ ဒသမ ၅ သိန်း၊ အုန်းပင်စုကျေးရွာ လယ်သမား ၂၀ အတွက် ထုတ်ချေး ငွေကျပ်သိန်း ၆၅၀၊ ဝက်ဆူကျေးရွာ လယ်သမား ၁၅ ဦးအတွက် ထုတ်ချေးငွေကျပ် ၁၉၅ သိန်း စုစုပေါင်း တောင်သူလယ်သမား ၁၄၃ ဦးအတွက် ထုတ်ချေးငွေကျပ် ၃၂၀၄ ဒသမ ၅ သိန်းကို ထုတ်ချေးပြီး တောင်သူလယ်သမားများကိုယ်စား ဦးဝင်းလှိုင်က ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးနှင့် ဥရောပရေးရာဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ ရောက်ရှိ

ရန်ကုန် ဇန်နဝါရီ ၁၄

ပြင်သစ် နိုင်ငံခြားရေးဝန်ကြီးနှင့် ဥရောပရေးရာဝန်ကြီး H.E. Mr. Alain Juppe ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ည ၇ နာရီ ၁၀ မိနစ်တွင် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာရာ နိုင်ငံခြားရေးဝန်ကြီးဌာန လေ့ကျင့်ရေး သုတေသနနှင့် နိုင်ငံခြားဘာသာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ယဉ်ယဉ်မြင့်၊ သံတမန်ရေးရာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Thierry MATHOU နှင့် တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ (သတင်းစဉ်)

အေးခဲနေသော မြေလွှာအောက်ဘက်ရှိ မီသိန်းဓာတ်ငွေ့ကို ထုတ်ယူနိုင်ရန် စမ်းသပ်လေ့လာမည့် လုပ်ငန်းခွင်တစ်နေရာကို တွေ့ရစဉ်။

ရွှေတောင်မြို့ မြို့မဈေး မီးဘေးကာကွယ်ရေးလေ့ကျင့်

ရွှေတောင် ဇန်နဝါရီ ၁၄

ရွှေတောင်မြို့ မြို့မဈေး မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဇာတ်တိုက်လေ့ကျင့်သည့် သရုပ်ပြပွဲကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးမိဈေးဖများ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်း၍ ဒီဇင်ဘာ ၂၈ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ဇော်ဦး၊ အမှုဆောင်အရာရှိ ဦးဟန်ရှိန်နှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးမိုးကျော်တို့က ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ (ကြေးမုံ)

ပညာပေးဟောပြောပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၄

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် စော်ဝရွှေဂူတောင် စံပြကျေးရွာ သုတအလင်းပြ စာကြည့်တိုက်၌ ဇန်နဝါရီ ၈ ရက် နံနက် ၈ နာရီခွဲတွင် ပညာပေးဟောပြောပွဲကျင်းပရာ တနင်္သာရီတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ထွန်းက စာဖတ်ခြင်း၏ အကျိုးကျေးဇူး၊ ထားဝယ်တက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာ သောင်းလွင်က ပညာရေးမြှင့်တင်မှုအခြေအနေများ၊ တနင်္သာရီတိုင်းဒေသကြီး ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ရီရီမြင့်က ယနေ့မြန်မာအမျိုးသမီးငယ်များ၏ အခန်းကဏ္ဍ၊ တနင်္သာရီတိုင်းဒေသကြီး ဥပဒေအရာရှိဦးဇော်လင်းမောင်က တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ဥပဒေရေးရာများကို ဟောပြောခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

❖ ရွှေ့ဖုံးမှ

ဖော်ထုတ်မည်ဖြစ်သည်။ ပင်လယ်ကြမ်းပြင်အောက်ဘက်တွင် လည်းကောင်း၊ အာတိတ်တန္ဒရာဒေသအောက်ဘက် သဲကျောက်လွှာများအတွင်း၌ လည်းကောင်း၊ ဓာတ်ငွေ့ဟိုက်ဒရိတ်များ ခိုအောင်းနိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားကြသည်။

စမ်းသပ်လေ့လာမှုကို ဇန်နဝါရီလမှ မတ်လအထိ ရက်ပေါင်း ၁၀၀ ခန့် ဆက်တိုက်ပြုလုပ်ရမည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။ ***အင်တာနက်။***

သတိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်းသူတို့၏ ပေါ့ဆမှုတို့ကြောင့်ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ(ခြေကျင်သွားလာသူ)များ၏ စည်းကမ်းမလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်းမပြုဘဲ စောင့်ဆိုင်းရန်နှင့် ယာဉ်များမှလည်း လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန် လိုအပ်ပါသည်။

လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များအနေဖြင့်လည်း လူကူးမျဉ်းကျားမှသာ အချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျလမ်းဖြတ်ကူးကြရန်နှင့် အချက်ပြထိန်းသိမ်းမှု မရှိသောနေရာများမှ လမ်းကူးပါက **“ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လမ်းရှင်းမှကူး”** စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

လယ်ယာစပါး ပြည့်အားထား တားဆီးကာကွယ်မီးရန်စွယ်

တူရကီ၌ ဖြန့်ကြက်ထားသော အမေရိကန်ရေဒါစနစ် ယခုနှစ် နှစ်ဦးမှစ၍ ထောက်လှမ်းလေ့လာမှု ပြုလုပ်

အစ္စတန်ဘူလ် ဇန်နဝါရီ ၁၄

တူရကီနိုင်ငံ၌ ဖြန့်ကြက်ထားသော အမေရိကန်ရေဒါစနစ်သည် ယခုနှစ်အစောပိုင်းမှ စတင်ကာ ထောက်လှမ်းလေ့လာမှုများကို စတင်ပြုလုပ်လျက်ရှိကြောင်း၊ တူရကီနိုင်ငံ၌ ကြိုတင်သတိပေးရေး ရေဒါစနစ်တပ်ဆင်ခြင်းကို အီရန်နိုင်ငံက အပြင်းအထန် ကန့်ကွက်လျက်ရှိကြောင်း တူရကီသတင်းဌာနများက ဇန်နဝါရီ ၁၄ ရက်တွင် သတင်းထုတ်ပြန်သည်။

တူရကီနိုင်ငံ မေလာတီယာပြည်နယ်၌ ဒုံးကျည်ကာကွယ်ရေး ရေဒါစနစ်ကို ဖြန့်ကြက်ထားပြီး ဇန်နဝါရီ ၁ ရက်မှစတင်ကာ ရေဒါဖြင့် ထောက်လှမ်းလေ့လာမှုများကို ပြုလုပ်လျက်ရှိကြောင်း ဟာရီယတ်နေ့စဉ်သတင်းစာက ရေးသားဖော်ပြသည်။

လွန်ခဲ့သည့်နှစ်၏ နောက်ဆုံးရက်သတ္တပတ်တွင် မေလာတီယာပြည်နယ်ရှိ စစ်စခန်း၌ အမေရိကန်တပ်ဖွဲ့ဝင် အနည်းငယ်ကို ဖြန့်ကြက်ထားကြောင်း၊ အဆိုပါ အမေရိကန်တပ်ဖွဲ့ဝင်များသည် ရေဒါစနစ်အားကိုင်တွယ်အသုံးပြုရန် တူရကီစစ်စခန်းသို့ ရောက်ရှိနေသည်ဟု ယူဆရကြောင်း သတင်းတွင် ဖော်ပြသည်။

တူရကီနိုင်ငံ၌ စခန်းချထားသော အမေရိကန်ရေဒါစနစ်သည် မည်သည့် မွတ်စလင်နိုင်ငံကိုမဆို ကောင်းကျိုးပြုနိုင်မည် မဟုတ်ကြောင်း အီရန်ပါလီမန်ဥက္ကဋ္ဌ အလီလာရီဂျာနီက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အပြင်းအထန်ကန့်ကွက်

အမေရိကန်ရေဒါစနစ်ကို ဖြန့်ကြက်ရန် တူရကီနိုင်ငံက ၂၀၁၁ ခုနှစ်လယ်တွင် သဘောတူညီခဲ့သည်။ အီရန်နိုင်ငံသည် အမေရိကန်၏ ကြိုတင်သတိပေးရေးရေဒါစနစ်ကို တူရကီ၌ ဖြန့်ကြက်ခြင်းမပြုရန် အပြင်းအထန်ကန့်ကွက်ခဲ့သည်။ **ဆင်ဟွာ။**

အမေရိကန် ဒုံးကျည်ကာကွယ်ရေး ရေဒါစနစ်၏ ထိန်းချုပ်ရေးခန်းမဆောင်ကို တွေ့ရစဉ်။

ပိုလီယိုရောဂါကင်းဝေးသည့် နှစ်တစ်နှစ်ကို အိန္ဒိယနိုင်ငံ ဖြတ်သန်းနိုင်ခဲ့ပြီ

နယူးဒေလီ ဇန်နဝါရီ ၁၄

အိန္ဒိယနိုင်ငံ၌ ပိုလီယိုရောဂါဖြစ်ပွားမှုမရှိသည့် နှစ်တစ်နှစ်ကို ဖြတ်သန်းနိုင်ခဲ့ပြီဖြစ်ကြောင်း၊ တစ်ချိန်တစ်ခါက ကမ္ဘာပေါ်တွင် ပိုလီယိုရောဂါ ဖြစ်ပွားမှုအများဆုံး အိန္ဒိယနိုင်ငံ၌ ယင်းရောဂါမှ ကင်းဝေးသည့် နှစ်တစ်နှစ်ကို သတ်မှတ်နိုင်ပြီဖြစ်ရာ ပြည်သူ့ကျန်းမာရေး ဘေးအန္တရာယ်တစ်ရပ်မှ ကင်းဝေးအောင် ကြိုးပမ်းနေသူများအတွက် မျှော်လင့်ချက်ရောင်ခြည် ပေါ်ထွန်းလာခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဇန်နဝါရီ ၁၄ ရက်တွင် သတင်းထုတ်ပြန်သည်။

အိန္ဒိယနိုင်ငံ၌ ၁၉၈၅ ခုနှစ်က ပိုလီယို ဗိုင်းရပ်ရောဂါဖြစ်ပွားသူ ၁၅၀၀၀၀ ခန့်ရှိခဲ့သည်။ သို့ရာတွင် ပိုလီယိုရောဂါဖြစ်ပွားသူတစ်ဦးကို နောက်ဆုံးတွေ့ရှိခဲ့ရပြီးချိန်နောက်ပိုင်း တစ်နှစ်ကြာမျှ နောက်ထပ် ရောဂါဖြစ်ပွားသူကို ထပ်မံတွေ့ရှိရခြင်း မရှိတော့ကြောင်း အိန္ဒိယနိုင်ငံရှိ ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့(ယူနီဆက်)ရုံးရှိ ပိုလီယိုဌာနခွဲ အကြီးအကဲ လီဝန်ဒီဆိုမာက ပြောကြားသည်။

အိန္ဒိယနိုင်ငံ၌ ပိုလီယိုရောဂါဖြစ်ပွားမှုကို အနောက်ဘင်္ဂလားပြည်နယ်၌ လွန်ခဲ့သည့် တစ်နှစ်ကျော်က တွေ့ရှိခဲ့ရသည်။ ထိုစဉ်က ပိုလီယိုရောဂါခံစားခဲ့ရသူမှာ အသက် (၁၈)နှစ်အရွယ် အမျိုးသမီးတစ်ဦးဖြစ်သည်။ **အင်တာနက်။**

အီတလီအပျော်စီးသင်္ဘော သောင်တင်ပြီးနစ်မြုပ်၊ ခရီးသည်သုံးဦး သေဆုံးသည်ဟု အတည်ပြု

တိမ်းစောင်းနစ်မြုပ်လျက်ရှိသော အီတလီ အပျော်စီးသင်္ဘောကို တွေ့ရစဉ်။

ရောမ ဇန်နဝါရီ ၁၄

ခရီးသည် ၄၀၀၀ ကျော် တင်ဆောင်လာသော အီတလီအပျော်စီး သင်္ဘောတစ်စင်းသည် ဇန်နဝါရီ ၁၃ ရက်ညက သောင်တင်ပြီး တိမ်းစောင်းနစ်မြုပ်ခဲ့ရာ သုံးဦးထက်မနည်း သေဆုံးကြောင်း၊ ကယ်ဆယ်ရေးအဖွဲ့ဝင်များက ပျောက်ဆုံးနေသူများကို ရှာဖွေလျက်ရှိကြောင်း သတင်းဌာနများက သတင်းထုတ်ပြန်သည်။

သောင်တင်နစ်မြုပ်

ကော်စတာကွန်ဘော်ဒီးယားအမည်ရှိ ဇိမ်ခံအပျော်စီးသင်္ဘောကြီးသည် ဂီဂလီယိုကျွန်းအနီး၌ သောင်တင်ခဲ့ပြီး နစ်မြုပ်ခဲ့သည်။

အသက်ကယ်လှေများ၊ ရေယာဉ်များနှင့် ရဟတ်ယာဉ်များကိုအသုံးပြုကာ ကယ်ဆယ်ရေးအဖွဲ့ဝင်များက လုပ်ငန်းဆောင်ရွက်ခဲ့ကြသည်။

သင်္ဘောပေါ်၌ ခရီးသည်များ ညစာစားသုံးနေချိန်တွင် ယင်းဖြစ်ရပ် ပေါ်ပေါက်ခဲ့သည်။

မီတာ ၂၉၀ အရှည်ရှိပြီး တန်ချိန် ၁၁၄၅၀၀ ရှိ အပျော်စီးသင်္ဘောသည် ဂီဂလီယိုကျွန်းမှ မဝေးကွာသောနေရာတွင် မတော်တဆမှု ဖြစ်ပွားခဲ့သည်။

ခရီးသည်သုံးဦး သေဆုံးကြောင်း ကမ်းရိုးတန်းတပ်ဖွဲ့နှင့် ရဲတပ်ဖွဲ့တို့က အတည်ပြုပြောကြားကြသည်။

အလည်အပတ်ခရီးစဉ်

အီတလီအပျော်စီးသင်္ဘောကြီးသည် ဆောင်းဥတုကာလ မြေထဲပင်လယ်ဒေသ အလည်အပတ်ခရီးစဉ်အဖြစ် ခရီးနှင်လာခဲ့ခြင်း ဖြစ်သည်။

အပျော်စီးသင်္ဘောကြီး သောင်တင်ခဲ့ပြီးနောက် တစ်ဖက်တစ်ချက်သို့ တိမ်းစောင်းလာနေချိန်တွင် ခရီးသည်အချို့သင်္ဘောပေါ်မှ ခုန်ချခဲ့ကြကြောင်း ကမ်းရိုးတန်းစောင့်တပ်ဖွဲ့မှ တပ်ဖွဲ့မှူး လူစီယာနိုက ပြောကြားသည်။ **ရိုက်တာ။**

ငြိမ်းချမ်းရေးဆွေးနွေးပွဲကို လိုလားသော်လည်း လက်နက်ချမည်မဟုတ်ဟု တာလီဘန်အဖွဲ့ ပြောဆို

ကဘူး ဇန်နဝါရီ ၁၄

မိမိတို့သည် ငြိမ်းချမ်းရေးဆွေးနွေးပွဲကို လိုလားထောက်ခံသော်လည်း လက်နက်ချ အညံ့ခံလိမ့်မည်မဟုတ်ကြောင်း တာလီဘန်အဖွဲ့၏ ပြောကြားချက်ကိုကိုးကားလျက် ဒေသဆိုင်ရာသတင်းဌာနများက ဇန်နဝါရီ ၁၄ ရက်တွင် သတင်းထုတ်ပြန်သည်။

တာလီဘန်အဖွဲ့နှင့် ပဏာမငြိမ်းချမ်းရေး ဆွေးနွေးပွဲစတင်ရန် အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်းက သဘောတူညီခြင်း ရှိမရှိ အမေရိကန်အစိုးရက လေ့လာလျက်ရှိသည်။ အမေရိကန်အစိုးရ အထက်တန်းတာဝန်ရှိသူတစ်ဦးသည် လာမည့်ရက်သတ္တပတ်တွင် သမ္မတ ဟာမစ်ကာဇိုင်းနှင့်တွေ့ဆုံကာ ငြိမ်းချမ်းရေးဆွေးနွေးပွဲ ကျင်းပရေးနှင့်ပတ်သက်၍ အာဖဂန်အစိုးရ၏ သဘောထားအမြင်ကို ရယူမည်ဖြစ်သည်။

အကယ်၍ ငြိမ်းချမ်းရေးဆွေးနွေးမှုပြုလုပ်ရန် သမ္မတကာဇိုင်းက သဘောတူညီမည်ဆိုပါက ယင်းဆွေးနွေးပွဲကို ကျင်းပသွားမည်ဖြစ်ကြောင်း အမေရိကန်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

တာလီဘန်အဖွဲ့သည် ကာတာနိုင်ငံ၌ ဆက်သွယ်ရေးရုံးတစ်ရုံးကို ဖွင့်လှစ်မည်ဟု မကြာမီက ကြေညာခဲ့သည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ ငြိမ်းချမ်းရေးပေါ်ထွန်းလာစေရေးအတွက် နိုင်ငံရေးနည်းလမ်းအရ ကြိုးပမ်းမှုများကို တိုးမြှင့်ပြုလုပ်သွားမည်ဟု တာလီဘန်အဖွဲ့က ပြောကြားသည်။

သို့ရာတွင် မိမိတို့သည် လက်နက်ချအညံ့ခံမှုကို လက်ခံနိုင်မည်မဟုတ်ကြောင်း တာလီဘန်အဖွဲ့က ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

ငြိမ်းချမ်းရေးဆွေးနွေးပွဲ တိုးတက်မှုရရှိရန် တာလီဘန်တို့ဘက်မှ အကြမ်းဖက်တိုက်ခိုက်မှုများကို စွန့်လွှတ်ရန် လိုအပ်ကြောင်း အမေရိကန်တာဝန်ရှိသူက ပြောကြားသည်။ **အင်တာနက်။**

အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာပြည်နယ် တောင်ပေါ်ဒေသတစ်နေရာ၌ တာလီဘန်အဖွဲ့ဝင်များအား တွေ့ရစဉ်။

ဗန်ကောက်၌ ဗုံးခွဲတိုက်ခိုက်ရန်ကြံစည်မှု အမျိုးသားရဲတပ်ဖွဲ့က ဖြိုခွင်းလိုက်နိုင်

ဗန်ကောက် ဇန်နဝါရီ ၁၄

ထိုင်းနိုင်ငံ မြို့တော်ဗန်ကောက်၌ ဗုံးခွဲတိုက်ခိုက်ရန် အကြံအစည်တစ်ရပ်ကို အမျိုးသားရဲတပ်ဖွဲ့က ဖြိုခွင်းလိုက်နိုင်ကြောင်း ရဲချုပ်ဗိုလ်ချုပ်ကြီး ပရီဝါပန်ဒမ်ပါပေါင်က ဇန်နဝါရီ ၁၄ ရက်တွင် ပြောကြားသည်။

ထိုစဉ်အတွင်း ထိုင်းနိုင်ငံရှိ အမေရိကန်သံရုံးနှင့် အစ္စရေးသံရုံးတို့က ယင်းနိုင်ငံသို့ ရောက်ရှိနေသော ၎င်းတို့၏ နိုင်ငံသားများအနေဖြင့် အကြမ်းဖက်တိုက်ခိုက်နိုင်မှု ဘေးအန္တရာယ်ကို သတိထားကြရန် နှိုးဆော်ချက်ထုတ်ပြန်ခဲ့ကြသည်။

ဗန်ကောက်၌ ဗုံးခွဲတိုက်ခိုက်ရန် ကြံစည်နေသူနှစ်ဦးမှာ လက်ဘနွန်နိုင်ငံသားများဖြစ်ကြပြီး အီရန်လိုလားသော ဟစ်ဇ်ဘိုလာ ပြောက်ကျားအဖွဲ့နှင့် ဆက်နွယ်မှုရှိသည်ဟု ယူဆရသည်။

ဗန်ကောက်၌ ဗုံးခွဲရန်ကြံစည်မှုဖြင့် လူတစ်ဦးကို ရဲတပ်ဖွဲ့က ဖမ်းဆီးထားသည်။ ကျန်တစ်ဦးမှာမူ ထွက်ပြေးတိမ်းရှောင်လျက်ရှိကြောင်း ရဲချုပ် ဒမ်ပါပေါင်က ပြောကြားသည်။

ရဲတပ်ဖွဲ့သည် ထွက်ပြေးတိမ်းရှောင်နေသူအား ဖမ်းဆီးရမိနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ **အင်တာနက်။**

ဆိုမာလီပင်လယ်ဓားပြ ခေါင်းဆောင်ကို အီးယူ ရေတပ်တပ်ဖွဲ့က ဖမ်းဆီးနိုင်

နိုင်ရိုဘီ ဇန်နဝါရီ ၁၄

ဥရောပသမဂ္ဂ အီးယူ(၁)ရေတပ် တပ်ဖွဲ့ဝင်များလိုက်ပါလာသည့် သင်္ဘောတစ်စင်းကို ပစ်ခတ်မှုများပြုလုပ်ခဲ့သော ဆိုမာလီပင်လယ်ဓားပြခေါင်းဆောင်ကို ဖမ်းဆီးလိုက်ကြောင်း တာဝန်ရှိသူများက ဇန်နဝါရီ ၁၄ ရက်တွင် ပြောကြားသည်။

တိုက်ခိုက်ခံရ

အီးယူရေတပ်မှ တပ်ဖွဲ့ဝင်များသည် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်အတွက် ရိက္ခာများတင်ဆောင်ထားသော သင်္ဘောတစ်စင်းကို ဆိုမာလီနိုင်ငံသို့ ပို့ဆောင်ပေးခဲ့ပြီးနောက် ပြန်လည်ထွက်ခွာလာချိန်တွင် မြို့တော်မိုဂါဒစ်ရှူးဆိပ်ကမ်းအနီးတွင် တိုက်ခိုက်ခံခဲ့ရသည်။

ပင်လယ်ဓားပြများအဖြစ် မသင်္ကာသူများသည် ပါတီနိုအမည်ရှိ သင်္ဘောကို သေနတ်ဖြင့်ပစ်ခတ်ခဲ့ရာ ယင်းသင်္ဘောပေါ်တွင်လိုက်ပါလာသောတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ခဲ့ပြီးနောက် ပစ်ခတ်မှုပြုလုပ်သူခေါင်းဆောင်ကို ဖမ်းဆီးနိုင်ခဲ့ကြောင်း အီးယူရေတပ် ပြောရေးဆိုခွင့်ရှိသူ ဟဲရစ်ဆန်က ပြောကြားသည်။

ဥရောပသမဂ္ဂ ရေတပ် တပ်ပေါင်းစုသည် ပင်လယ်ဓားပြတိုက်ဖျက်ရေးလုပ်ငန်းအတွက် အိန္ဒိယသမုဒ္ဒရာတွင် တာဝန်ထမ်းရွက်လျက်ရှိသည်။

ဆိုမာလီနိုင်ငံ၌ ၁၉၉၁ ခုနှစ်မှစ၍ အစိုးရအဖွဲ့၏ လုပ်ငန်းများရပ်ဆိုင်းလျက်ရှိရာ အာဖရိကဦးချိုဒေသ၌ ပင်လယ်ဓားပြများ သောင်းကျန်းလျက်ရှိသည်။ **ဆင်ဟွာ။**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် အမ်း-စစ်တွေလမ်းပိုင်းတွင် လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် လမ်း/တံတားလုပ်ငန်းများ စစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၄

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်သည် ဇန်နဝါရီ ၁၂ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်-တောင်ညို-မြို့သစ်-ကံပြား(မကွေး) ကားလမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများနှင့် စွန်ချောင်းတံတားချဉ်းကပ်လမ်း ရေတိုက်စားမှုကာကွယ်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မင်းဘူး-ပဒါန်း-အမ်း ကားလမ်းလမ်းချဲ့ခြင်းနှင့် ကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဇန်နဝါရီ ၁၃ ရက် နံနက်ပိုင်းတွင် အမ်း-စစ်တွေကားလမ်း၌ လမ်းခင်းရန် ကျောက်စုပုံထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ဒါးလက်ချောင်းတံတား ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းခွင် ရှင်းလင်းဆောင်သို့ရောက်ရှိရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်းနှင့် တာဝန်ရှိသူများက သဘာဝဘေးဒဏ်ကြောင့် ရေတိုက်စားပျက်စီးသွားသည့် ဘိုးပိုင်နေရာတွင် ဘိုးပိုင်အသစ်တူးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဒါးလက်ချောင်းတံတား ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး မိုင်တိုင်အမှတ်(၁၅/၅)နှင့် (၁၅/၆)ကြား၌ လမ်းကြိတ်စက်ဖြင့် ကျောက်ခင်းခြင်း၊ ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများနှင့် ကတ္တရာလမ်း သတ်မှတ်အကျယ်ရရှိရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေး၍ ကတ္တရာခင်းရာတွင် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရန်နှင့် အလေအလွင့်မရှိအောင် စနစ်တကျသုံးစွဲရန် မှာကြားသည်။

ဆက်လက်၍ မဲတောင်ထိပ်၌ အတက်အဆင်းပြေပြစ်ရန် စက်ယန္တရားများဖြင့် လမ်းချဲ့ခြင်း၊ တောင်ကြောများ ဖြတ်ထုတ်ခြင်း၊ မြေအနိမ့်အမြင့် ဖြေညှိခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများ၊ မဲတောင်ထိပ်လမ်းကွေ့များ တစ်ဖြောင့်တည်းဖြစ်အောင် စက်ယန္တရားများဖြင့် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး တောင်ပေါ်လမ်းဖြစ်သည့်အတွက် သတ်မှတ်အကျယ်ရရှိအောင် လမ်းချဲ့ပေးရန်၊ မြေထိန်းနံရံများ၊ ကျောက်စီရေမြောင်းများ ပြုလုပ်ပေးရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တံတားတည်ဆောက်ရေး စီမံကိန်းအထူးအဖွဲ့(၁၆)က တာဝန်ယူတည်ဆောက်နေသော ရန်ကုန်-စစ်တွေကားလမ်း မိုင်တိုင်အမှတ်(၉၆/၆)ရှိ အမ်းချောင်း(အောက်ရွာ) တံတားတည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တစ်ပြည်လုံးတွင် ညအပူချိန်များ အနည်းငယ် ဆက်လက်လျော့နည်းနေမည်

နေပြည်တော် ဇန်နဝါရီ ၁၄

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ **ညအပူချိန်များမှာ** ရခိုင်ပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၄ ဒီဂရီစင်တီဂရိတ်၊ ချင်းပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၆ ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ပြီး ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်ထိ၊ ရှမ်းပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၈ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန် ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်မှာ** ဟားခါးမြို့တွင် (-၃) ဒီဂရီစင်တီဂရိတ်ဖြစ်သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ကျိုက္ကမီမြို့တွင် ၂ ဒသမ ၉၅ လက်မ၊ မုဒုံမြို့တွင် ၁ ဒသမ ၀၂ လက်မနှင့် ညောင်လေးပင်မြို့တွင် သုည ဒသမ ၇၉ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေ

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းတိုက်ခတ်စဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

တစ်ပြည်လုံးတွင် ညအပူချိန်များ အနည်းငယ် ဆက်လက်လျော့နည်းနေမည်။

ရန်ကုန်မြို့တော်ဝန် ဝန်ကြီး ဦးလှမြင့် သာကေတမြို့နယ် ရတနာလမ်းအပိုင်းအား ကွန်ကရစ်ခင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (မြို့တော်စည်ပင်)

အပိုဆုကြေးချီးမြှင့်ခြင်း မရှိတော့သော်လည်း သိန်း ၁၅၀၀ ဆု တိုးမြှင့်လိုက်ခြင်းကြောင့် ထီဈေးနှုန်းများမြင့်တက်

ရန်ကုန် ဇန်နဝါရီ ၁၄

ထီဆိုင်ကြီးများမှ အပိုဆုကြေးချီးမြှင့်ခြင်း မရှိတော့သော်လည်း လာမည့်ဖေဖော်ဝါရီ ၁ ရက်တွင် ဖွင့်လှစ်မည့် (၂၇၇)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲတွင် တိုးမြှင့်ဖွင့်လှစ်ပေးမည့် သိန်း ၁၅၀၀ ဆုကြီးကြောင့် ထီဈေးနှုန်းများမြင့်တက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၂၇၅)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲမှစ၍ အကွာရာနှင့် ဆုမဲများ တိုးမြှင့်ခဲ့ပြီး ထီဈေးနှုန်းများကြီးမြင့်ခြင်း မရှိစေရန်ကိုလည်း ကြပ်မတ်ဆောင်ရွက်ခြင်းနှင့်အတူ ထီအရောင်းဆိုင်ကြီးများက ကျပ်သိန်း ၁၀၀၀ ပေါက်လျှင် အပိုဆု ကျပ်သိန်း ၅၀၀ အပါအဝင် အပိုဆုများ ချီးမြှင့်ခြင်းမပြုတော့ကြောင်း သိရသည်။ အပိုဆုချီးမြှင့်ခြင်း မရှိတော့သည့်အတွက် ထီဈေးနှုန်းများ ပြန်လည်ကျဆင်းခဲ့သော်လည်း နောက်ပိုင်းတွင် ထီတစ်စောင်လျှင် ကျပ် ၃၀၀ မှ ၃၅၀ အထိ ရန်ကုန်မြို့ပတ်ဝန်းကျင်တွင် တိုးမြှင့်ရောင်းချမှုများရှိနေသည်ဟု သိရသည်။ နယ်မြို့များတွင် ပိုမိုကျသင့်မှုများရှိသည်ဟု သိရသည်။

ယင်းအပြင် လာမည့်ဖေဖော်ဝါရီ ၁ ရက်တွင် ဖွင့်လှစ်မည့် (၂၇၇)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ စတင်၍ ကျပ်သိန်း ၁၅၀၀ အထူးဆုကြီးကို ဖွင့်လှစ်ပေးမည်ဖြစ်ပြီး ကျပ်သိန်းတစ်ထောင်ဆု တစ်ဆု၊ ကျပ်သိန်းငါးရာဆု တစ်ဆု၊ ကျပ်သိန်းသုံးရာဆု နှစ်ဆု၊ ကျပ်သိန်းနှစ်ရာဆု လေးဆု၊ မင်္ဂလာစုံတွဲယူနစ် ၁၅ ယူနစ် အပါအဝင် ဆုမဲပေါင်း ၁၆၁၉၃ ဖွင့်လှစ်ပေးမည်ဖြစ်ပြီး ယခင် (၂၇၆) ကြိမ်ထက် ဆုမဲ ၁၁၈၆ ဆု တိုးမြှင့်ဖွင့်လှစ်ပေးသွားမည်ဖြစ်သည်။ ထိုသို့ ဆုမဲများ တိုးမြှင့်လိုက်သော်လည်း ဈေးနှုန်းပြောင်းလဲခြင်းမရှိ ထုတ်ဝေသွားမည်ဟု တရားဝင် ထုတ်ပြန်ကြေညာသွားခဲ့သည်။ သို့ရာတွင် ထီဈေးကွက်အတွင်း အများပြည်သူ ထီထိုးနေကြရသည့်ဈေးနှုန်းမှာ ထီတစ်စောင်လျှင် ကျပ် ၃၀၀၊ အချို့ဆိုင်များတွင် ကျပ် ၃၅၀ အထိ ပေးနေရကြောင်း သိရသည်။ ယခုလအတွင်း ထီထိုးအားများ မြင့်တက်လာခြင်းနှင့်အတူ ဈေးနှုန်းများလည်း မြင့်တက်လျက်ရှိနေကြောင်း သိရသည်။

"ကျွန်တော်တို့က မတရားအမြတ်ကြီးစားတင်ထားတာမဟုတ်ပါဘူး။ ထီဆိုင်ကြီးက ယူရတဲ့ဈေးကိုက မြင့်နေတာပါ။ နယ်က ဆိုင်တွေလည်း ဒီအတိုင်းပါပဲ။ ယူရတဲ့ဈေးကိုက မြင့်နေတာပါ" ဟု တွန်းလှည်းဖြင့် ရောင်းချနေသော ထီအရောင်းသမားတစ်ဦးက ဆိုသည်။ (၀၀၁)

ရန်ကုန်မြို့တော်ဝန် တိုင်းဒေသကြီးရှိ စည်ပင်လုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၄

ရန်ကုန်မြို့တော်ဝန် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှမြင့်သည် ယနေ့နံနက် ၇ နာရီခွဲတွင် ကမာရွတ်မြို့နယ်နှင့် လှိုင်မြို့နယ်အကြား ပြည်လမ်းရှိ ကမာရွတ်ချောင်း၌ ချောင်းအတွင်းသို့ စီးဝင်သည့် တံတားဖြူရေနုတ်မြောင်း ရေစီးရေလာကောင်းမွန်စေရန် အမှိုက်သရိုက်နှင့် နုန်းများဆယ်ယူရှင်းလင်းနေမှု၊ လှိုင်မြို့နယ် ရွာမကျောင်းလမ်းနှင့်ဆက်စပ်လမ်းဖြစ်သည့် ဗဟိုလမ်းအား ကွန်ကရစ်လမ်းချောထပ်ပိုးခင်းနေမှု၊ မရမ်းကုန်းမြို့နယ်ရှိ ဘုရင့်နောင်ပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်း၌ ကွန်ကရစ်လမ်းချောခင်းနေမှု၊ ကမ်းနား၌ ကမ်းပါးရေတိုက်စားမှုမရှိစေရန် အုတ်မြေထိန်းနံရံ ပြုလုပ်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းနှင့် တော်ဝင်လမ်းအကြားရှိ မင်းဓမ္မလမ်းအပိုင်းအား အကြီးစားပြုပြင်ထိန်းသိမ်းနေမှု၊ ဥက္ကလာလမ်းအား ကျောက်ချောကတ္တရာထပ်ပိုးခင်းနေမှု၊ ပါရမီလမ်းဆုံမှ မြောက်ဥက္ကလာပမြို့နယ် အုတ်ပုံဆိပ်တံတားအထိ ဝေဇယန္တာလမ်းအပိုင်းအား အကြီးစားပြုပြင်ထိန်းသိမ်းနေမှု၊ သာကေတမြို့နယ်ရှိ ရတနာလမ်းအပိုင်းအား ကွန်ကရစ်လမ်းချောခင်းနေမှု၊ အုတ်ရေနုတ်မြောင်းလူသွားစင်္ကြံများ ပြုလုပ်နေမှုနှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ ရတနာလမ်းပိုင်းအား ကွန်ကရစ်လမ်းချောများ ထပ်ပိုးခင်းကျင်းပြီးစီးမှု၊ ပဲခူးမြစ်လမ်းအား ကွန်ကရစ်လမ်းချောထပ်ပိုးခင်းနေမှု၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ဧရာဝဏ်တံတားအား အရှည် ၂၈ ပေ တိုးချဲ့တည်ဆောက်ပြီးစီးမှု၊ သယ်န်းကျွန်းမြို့နယ်ရှိ ပြည်ထောင်စုခိုးကျော်တံတားမှ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်အထိ သံသုမာလမ်းအပိုင်းအား ကွန်ကရစ်လမ်းချော ထပ်ပိုးခင်းနေမှုနှင့် ပြီးစီးမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ချောင်းပိတ်၊ မြောင်းပိတ် တာတမံဆောင်ရွက်

ရေတာရှည် ဇန်နဝါရီ ၁၄

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် စစ်တောင်းမြစ် အရှေ့ဘက်ခြမ်းရှိ လယ်ယာမြေများ နွေစပါးစိုက်ပျိုးနိုင်ရန် မြို့နယ်ဆည်မြောင်းဦးစီးဌာနမှ ချောင်းပိတ်မြေသားတာတမံများ အကောင်အထည်ဖော် တည်ဆောက်လျက်ရှိသည်။

(ဝဲပုံ)

စပါးစိုက်ပျိုးလျက်ရှိသည့် တောင်သူများ သီးထပ်သီးညှပ်စိုက်ပျိုးနိုင်ရန် အဓိကလိုအပ်ချက်ဖြစ်သည့် ရေအလုံအလောက်ရရှိနိုင်ရန် ဘန်းပုံချောင်းပိတ်မြေသားတမံ စိုက်ပျိုးဧက ၁၁၁၊ ကဲလင်းဆိပ်ကျေးရွာသစ် နံ့သာချောင်းပိတ် မြေသားတမံ စိုက်ပျိုးဧက ၁၁၁၊ မီးချောင်းအိုင်ကျေးရွာ၊ နဂျပ်ကျေးရွာ နဂျပ်ချောင်းပိတ် မြေသားတမံ စိုက်ပျိုးဧက ၇၆၀၊ စည်ပိုင်းကျေးရွာ စည်ပိုင်းချောင်းပိတ် မြေသားတမံ စိုက်ပျိုးဧက ၄၁၀၊ ပိတောက်ကုန်းကျေးရွာ၊ ကျွန်းကုန်းကျေးရွာ စွယ်တော်ချောင်းပိတ် မြေသားတမံ စိုက်ပျိုးဧက ၃၇၀ စုစုပေါင်း ၁၇၆၂ ဧကကို နွေစပါးတိုးချဲ့ စိုက်ပျိုးနိုင်မည်ဖြစ်သည်။ (၅၇၈)

သယ်န်းကျွန်းမြို့နယ် (ခ)ရပ်ကွက် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲ အားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၄ ရက် ည ၈ နာရီက ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့ အားကစားစင်မြင့်၌ ကျင်းပရာ မြို့နယ်တစ်ပတ် တာဝေးအပြေးပြိုင်ပွဲဒုတိယဆုရ မောင်လှထွန်းအား (ခ)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးမြင့်စိုးနှင့် အားကစားကော်မတီဥက္ကဋ္ဌ ဦးအောင်ကိုလတ်တို့က ဆုချီးမြှင့်စဉ်။ (၅၀၆)

မီးလောင်လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။
(ခ) ကျိတ်မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။
(ဂ) ဝိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။
(ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီပူးပေါင်းငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

မီးသတ်ဦးစီးဌာန

ဆေးပညာသတင်းဆန်းများ(၂၂)

ဒေါက်တာကံညွန့်

သိပ္ပံဆိုင်ရာ တိုးတက်မှုတွေကလည်း အံ့မခန်းအောင် ဖြစ်နေပါတယ်။ အခုလို သိပ္ပံဆိုင်ရာ တိုးတက်မှုတွေက ဆေးပညာတိုးတက်မှုတွေကို များစွာအထောက်အကူပြုနေပါတယ်။ Robot လို့ ခေါ်တဲ့စက်ရုပ်ကို ကွန်ပျူတာဂိမ်းဆော့သလို အသုံးပြုပြီး ခွဲစိတ်ခန်းမှာ အသုံးပြုနေခဲ့ကြတာတွေဟာ အားလုံးအသိပါ။ အခုတစ်ခါ လူတစ်ယောက်ရဲ့ ဆံပင်လေးချောင်းပေါင်းထားတာထက် အနည်းငယ်သေးတဲ့ Proteus Motor ခေါ်တဲ့ စက်ရုပ်ငယ်လေးတစ်ခုကို တီထွင်လိုက်ကြပြန်ပါပြီ။ ဒီစက်ရုပ်ကိုတော့ Australlia နိုင်ငံ မဲလ်ဘုန်းမြို့က သိပ္ပံပညာရှင်တွေက တီထွင်လိုက်ကြတာဖြစ်ပါတယ်။ ဒီစက်ကလေးကို သွေးကြောထဲ ထည့်သွင်းလိုက်ပြီး နဂိုစမ်းသပ်မှုတွေထဲက မရောက်နိုင်အောင် သေးငယ်တဲ့ သွေးကြောတွေထဲထိ ရောက်အောင်သွားပြီး ရောဂါရှာဖွေရေး၊ ကုသရေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနိုင်တော့မှာဖြစ်ပါတယ်။

ဒီလိုပဲ ခွဲစိတ်ကုသမှုဆောင်ရွက်ရာမှာ အသုံးပြုတဲ့ Robot ကို တီထွင်ရာမှာ အရှေ့တောင်အာရှနိုင်ငံများထဲက စင်ကာပူနိုင်ငံရဲ့ အောင်မြင်မှုကလည်း အားတက်စရာသတင်းတစ်ခုပါ။ စင်ကာပူနိုင်ငံက သိပ္ပံပညာရှင်တွေက Endoscopic Surgey ခေါ်တဲ့ ဗိုက်ထဲမှာ ရှိတဲ့ရောဂါတွေကို ဗိုက်ပေါ်မှာ အမာရွတ်မထင်အောင် ကုသရာမှာ အသုံးပြုဖို့ စက်ရုပ်တစ်ခုကို တီထွင်နိုင်ခဲ့ပြီလို့ ဆိုပါတယ်။ ဒီစက်ရုပ်ရဲ့ စွမ်းဆောင်နိုင်မှုကြောင့် ယခင် ၈ နာရီခန့်ကြာအောင် လုပ်ခဲ့ရတဲ့ Operation တွေကို ယခုအခါ ၁၇ မိနစ်နှင့် ပြီးအောင် ဆောင်ရွက်နိုင်တော့မယ်လို့ ဆိုပါတယ်။ စင်ကာပူက သိပ္ပံပညာရှင်တွေဟာ ဒီစက်ရုပ်ကို အောင်မြင်အောင် ခြောက်နှစ်ကြာကြိုးပမ်းအားထုတ်ပြီး ပြုလုပ်ခဲ့ရတာလို့ သိရကြောင်းပါခင်ဗျာ။

သိပ္ပံပညာတိုးတက်လာမှုကြောင့် အောင်မြင်လာတဲ့ ဆေးကုသမှုတွေထဲမှာ နောက်ဖော်ပြလိုတဲ့ သတင်းကတော့ Artificial Heart (နှလုံးအတု) ပြုလုပ်နိုင်မှုပါပဲ။ Australlia နိုင်ငံ Sydney မြို့က သိပ္ပံပညာရှင်တွေက နဂိုက သူတို့နှလုံးတုတစ်ခု တပ်ဆင်ပေးထားတဲ့ လူနာဟောင်းတစ်ဦးကို အခုအသစ်ထုတ်လုပ်လိုက်တဲ့ Rechargeable လုပ်နိုင်တဲ့ ပိုပြီးကောင်းမွန်တဲ့ နှလုံးတစ်ခုနှင့် အစားထိုးပေးခဲ့တာ အောင်မြင်မှုရခဲ့ပြီလို့ ဆိုပါတယ်။ ဒီနှလုံးကုသမှုကို လူ့နှလုံး အစစ်နှင့် အစားထိုးကုသရန် စောင့်ဆိုင်းနေကြတဲ့ နှလုံးရောဂါရှင်တွေကို တာရှည်စောင့်ဆိုင်းနိုင်အောင် ကုသပေးထားကြတာဖြစ်ပါတယ်။ ဒီလို Artificial Heart နှင့် ကုသပြီး လူ့နှလုံးအစစ်နှင့် အစားထိုးကုသဖို့ စောင့်ဆိုင်းနေကြတဲ့ နှလုံးရောဂါရှင်တွေဟာ အမေရိကန်၊ ကနေဒါနှင့် ဥရောပနိုင်ငံမှာ လူနာပေါင်း ၉၀၀ ကျော် ရှိနေပြီလို့ သိရပါတယ်။

ဆေးပညာသတင်းတွေကလည်း တစ်ခုနဲ့တစ်ခုဟာ ထိပ်တိုက်ရှိနေတာတွေရှိပါတယ်။ အူမကြီးကင်ဆာခေါ်တဲ့ Ca Colon ဟာ အမှတ်(၂) ဆီးချိုရောဂါရှင်တွေမှာ ပိုဖြစ်နိုင်တယ်လို့ လေ့လာချက်တစ်ခုက ဆိုပါတယ်။ Australlia နိုင်ငံ အနောက်ပိုင်းသုတေသီတွေရဲ့ လေ့လာချက်မှာ အသက် (၅၅) နှစ်က (၈၄)နှစ်ရှိ လူများကို လေ့လာရာမှာ အမှတ်(၂) ဆီးချိုအမျိုးအစားရှိသူတွေမှာ သာမန်လူတွေထက် Ca Colon နှစ်ဆပိုဖြစ်နိုင်ကြောင်း တွေ့ရှိရတယ်လို့ ဆိုပါတယ်။

နောက်လေ့လာချက်တစ်ခုမှာတော့ ဆီးချိုရောဂါရှင်တွေ သောက်သုံးရတဲ့ Metformin ဆေးဟာ Colon ကင်ဆာကို ကာကွယ်နိုင်တယ်လို့ ဆိုထားပြန်ပါတယ်။ နောက်လေ့လာချက်တစ်ခုမှာလည်း Metformin ဆေးဟာ Ca Breast ခေါ်တဲ့ ရင်သားကင်ဆာကို ကာကွယ်နိုင်ပြီး ရင်သားကင်ဆာကျိတ်ကိုလည်း သေးငယ်သွားစေနိုင်တယ်လို့ ဆိုပါတယ်။ Metformin ကို Aspirin ဆေးပြားနှင့် တွဲသောက်နေသူမှာ အူမကြီးနှင့် အဆုတ်ကင်ဆာတွေကို ကာကွယ်နိုင်တယ်ဆိုတာ အထူးတွေ့ရှိရပြီး ပိုသေချာအောင် ထပ်မံသုတေသနပြုလုပ်ကြပြီလို့ ဆိုပါတယ်။ Aspirin ဆေးပြားသောက်သုံးသူတွေဟာ အူမကြီးကင်ဆာကို ၃၅ ရာခိုင်နှုန်းခန့် လျော့ကျစေနိုင်တယ်လို့ ဆိုတာကိုတော့ ယခင်ကပဲ တွေ့ရှိထားပြီး ဖြစ်ပါတယ်။ Aspirin နှင့် Metformin ဆေး နှစ်မျိုးစလုံးဟာ inflammation ခေါ်ရောင်ရမ်းမှုလျော့ကျစေတဲ့ အာနိသင်ရှိတာကြောင့် ဒီကင်ဆာရောဂါတွေကို ကာကွယ်နိုင်တာလို့ ယူဆထားကြောင်းပါခင်ဗျာ။

နောက်ဝမ်းသာစရာ သတင်းတစ်ပုဒ်ဖော်ပြလိုပါတယ်။ ဒါကတော့ ပိုးသတ်ဆေး (Antibiotics) တွေကို ခုခံတွန်းလှန်နိုင်ကြတဲ့ Bacteria တွေရဲ့ ၉၀ ရာခိုင်နှုန်းကို သေစေနိုင်တဲ့ အစွမ်းထက်တဲ့ ပိုးသေဆေးကို ထုတ်လုပ်နိုင်တော့မယ်ဆိုတဲ့ သတင်းပါ။ ဒီပိုးသေဆေးကို ဘယ်ကထုတ်လုပ်နိုင်မယ်ဆိုတာ အံ့သြစရာပါ။ အိမ်တိုင်းမှာ မြင်တွေ့နိုင်တဲ့ ပိုးဟပ်နှင့် နံ့ကောင်တို့ရဲ့ ဦးနှောက်ကနေ ဖော်ထုတ်နိုင်ခဲ့ကြတာလို့ ဆိုပါတယ်။ ဒါကို အင်္ဂလန်နိုင်ငံ Nottaingham ဆေးတက္ကသိုလ်က ဆေးပညာရှင်တွေက တွေ့ရှိခဲ့တာလို့ ဆိုပါတယ်။

၎င်းပိုးသေဆေးက Methicillin ဆိုတဲ့ အစွမ်းထက်တဲ့ ပိုးသေဆေးကို ခုခံနိုင်တဲ့ Staphylococcus ပိုးနှင့် Escheria Coli ပိုးတို့ကို သေစေနိုင်တာတွေ့ရကြောင်း တင်ပြလိုက်ရပါတယ်။

နောက်တင်ပြလိုတဲ့ ဆေးပညာသတင်းတစ်ပုဒ်က ယခင်က ခတ်ခွဲခန်းမှာ နှစ်ရှည်လများ စမ်းသပ်ခဲ့ရတဲ့ မျိုးရိုးဗီဇနှင့်ဆိုင်တဲ့ ရောဂါတချို့ကို စမ်းသပ်တဲ့နေရာမှာ ရက်ပိုင်းအတွင်း သိရှိနိုင်တော့မယ်လို့ ဆိုပါတယ်။ အဲဒီလို စမ်းသပ်တဲ့အခါ ရောဂါတစ်ခုခုကြောင့် Genetic Mutation ခေါ် ဗီဇ ပြောင်းလဲသွားနိုင်မှုကို ယခင်ကထက် လျင်မြန်စွာ သိရှိနိုင်တော့မယ်လို့ ဆိုပါတယ်။ ၎င်းတို့ဟာ ဒီစမ်းသပ်ချက်မှာ genome တစ်ခုလုံးကို စမ်းသပ်သည့်အစား ၎င်းမှာပါဝင်တဲ့ exome ခေါ် protein အမျိုးအစား ၂၀၀၀၀ မှ ၂၅၀၀၀ ခန့်ရှိတဲ့ Protein Coding Gene တွေကိုသာ စမ်းသပ်ရင်း ယင်းသို့ လျင်မြန်စွာ သိရှိနိုင်တာလို့ သိရပါတယ်။ ဒီတွေ့ရှိချက်ကိုတော့ အမေရိကန်နိုင်ငံ ဝါရှင်တန်ဆေးတက္ကသိုလ်မှ သုတေသီတို့က ရှာဖွေခဲ့တာလို့ သိရကြောင်းပါခင်ဗျာ။

နောက်ဖော်ပြလိုတဲ့ ဆေးပညာသတင်းတစ်ပုဒ်ကတော့ မီးလောင်သလို ဒဏ်ရာမျိုးကြောင့် အရေပြားအစားထိုးကုသမယ့်နေရာမှ ကိုယ်ခန္ဓာရဲ့ တခြားနေရာက အရေပြားကို ယူပြီး အစားထိုးကုသစရာမလိုတော့ဘဲ Bioprinter ခေါ်တဲ့ လေဆာရောင်ခြည်နဲ့ spray လုပ် ကုသနိုင်တော့မယ်ဆိုတဲ့ သတင်းပါပဲ။ ဒီတီထွင်မှုကို အမေရိကန်နိုင်ငံ North Carolina ပြည်နယ်က Wake Forest Institute for Regenerative Medicine ဌာနက ဆေးပညာရှင်တွေက တီထွင်နိုင်ခဲ့တာလို့ သိရပါတယ်။ ၎င်းတို့ဟာ လူနာရဲ့ Skin Cell ကို ခတ်ခွဲခန်းမှာ မွေးယူပြီး Bioprinta စက်ထဲကိုထည့်ပြီး လေဆာရောင်ခြည်နဲ့မှုတ်ပြီး ကပ်လိုက်တာနဲ့ နဂိုအရေပြားနှင့် ထပ်တူဖြစ်တဲ့ အရေပြားသစ်ကို ထွင်နိုင်ခဲ့ကြတာဖြစ်တယ်။ အရေပြားကို ခတ်ခွဲခန်းမှာ မွေးယူတာကလည်း လူတစ်ကိုယ်လုံးစာအတွက် ရှစ်ပတ်လောက်ပဲ ကြာနိုင်တယ်လို့ သိရကြောင်းပါခင်ဗျာ။

မျက်စိကိုကွယ်စေတတ်တဲ့ရောဂါတွေထဲမှာ Corneal Opactiy ခေါ်တဲ့ အပြင်တိမ်ရောဂါဟာ မျက်ကြည်လွှာ အစားထိုးကုသခြင်းနှင့်သာ မျက်စိအမြင် ပြန်ရနိုင်တဲ့ရောဂါဖြစ်ပါတယ်။ မျက်ကြည်လွှာ လှူဒါန်းသူတွေထက် အပြင်တိမ်ခံစားနေရသူတွေက များနေတာကြောင့် မျက်ကြည်လွှာ အစားထိုးကုသခံရဖို့ လူနာတွေက နှစ်နှင့်ချီပြီး စောင့်ဆိုင်းနေရပါတယ်။ ဒါကို ဖြေရှင်းနိုင်ဖို့ ဆွီဒင်နိုင်ငံနှင့် ကနေဒါနိုင်ငံက ဆေးပညာရှင်တို့က ပူးပေါင်းပြီး ကြိုးစားခဲ့ကြတာ ၁၀ နှစ်ကြာခဲ့ပြီး ယခုအခါ အောင်မြင်ခဲ့ပြီလို့ ဆိုပါတယ်။

၎င်းတို့ဟာ yeast ကရတဲ့ Collagen fibre ကို Chemical တစ်ခုနှင့် ရောဂါစပ်ပြီး လူရဲ့ Cornea အသွင်သဏ္ဌာန် ပုံလောင်းခတ်ခွဲခန်းမှာ စမ်းသပ်ထုတ်လုပ်ခဲ့တာ အောင်မြင်ခဲ့ပြီလို့ ဆိုပါတယ်။ ဒါကို သူတို့ အဆိုအရ Biosynthetic Cornea လို့ခေါ်ပါတယ်။ ဒီအတုပြုလုပ်ထားတဲ့ Cornea ကို လူတစ်ဦးမှာ တပ်ဆင်ကုသပေးလိုက်တဲ့အခါ အာရုံကြော သွေးကြောတွေကလည်း သဘာဝ Cornea အတိုင်း ဆက်စပ်သွားနိုင်တယ်လို့ ဆိုပါတယ်။ နောက်ပြီး လူသေတစ်ဦးဆီက ယူပြီး ထည့်ကုရတဲ့ Cornea အစားထိုးမှုမျိုးမှာ ကြုံရတဲ့ Rejection ခေါ်တဲ့ ခတ်မတည့်တဲ့ ဘေးထွက်ဆိုးကျိုးလည်း မဖြစ်နိုင်ဘူးလို့ သိရပါတယ်။ ဒီအောင်မြင်မှုကြောင့် မကြာခင် အတွင်းမှာ အပြင်တိမ်ရောဂါအတွက် ခွဲစိတ်ကုသဖို့ စောင့်ဆိုင်းနေကြတဲ့လူတွေအတွက် ကာလတာရှည်စောင့်ဆိုင်းစရာ လိုမှာမဟုတ်တော့ကြောင်း တင်ပြလိုက်ရပါတယ်။

နောက်ဝမ်းသာစရာသတင်းတစ်ပုဒ်က အမျိုးသမီးတွေအတွက်ပါ။ တချို့အမျိုးသားတွေဟာ လိင်ဆက်ဆံတဲ့အခါ အကာအကွယ် (Condom) အသုံးပြုဖို့ ငြင်းဆန်တတ်ကြပါတယ်။ ဒီအခါမှာ အမျိုးသမီးတွေမှာ အကာအကွယ်မဲ့သလို ဖြစ်နေပါတယ်။ ဒီအဖြစ်က ကာကွယ်ဖို့ HIV, AIDS Virus ပိုးကို ကာကွယ်နိုင်မယ့် မိန်းမကိုယ်ထဲမှာ ထည့်ရတဲ့ Jelly တစ်မျိုးကို တီထွင်ဖော်ထုတ်နိုင်ခဲ့ပြီလို့ တောင်အာဖရိကနိုင်ငံမှာ AIDS ရောဂါကို သုတေသနလုပ်ငန်းကို ဦးဆောင်ပြုလုပ်နေတဲ့ ပါမောက္ခတစ်ဦးက ပြောလိုက်ပါတယ်။ ဒီ Jelly ရဲ့ နာမည်ကတော့ AIDS ရောဂါမှာ အသုံးပြုတဲ့ဆေးတစ်မျိုးဖြစ်တဲ့ TENOFOVIR Jelly ဖြစ်ပါတယ်။ ဒီအောင်မြင်မှုကြောင့် အာဖရိကနိုင်ငံတွေက AIDS လူနာသစ်ဖြစ်လာမယ့် လူဦးရေ ၅ ဒသမ ၃ သန်းကို ကယ်တင်နိုင်ပြီး AIDS ရောဂါကြောင့် နှစ်စဉ်သေဆုံးရမယ့် လူဦးရေ ရှစ်သိန်းကိုလည်း အတော်အတန် ကယ်တင်နိုင်လိမ့်မယ်လို့ ပြောကြားကြောင်း တင်ပြလိုက်ရပါတယ်။ ။

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဌာနဆိုင်ရာများ၊ ပြည်သူများနှင့်တွေ့ဆုံ ဆင်းရဲမှုလျှော့နည်းပပျောက်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန် မှာကြား

နေပြည်တော် ဇန်နဝါရီ ၁၄

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်သည် ဇန်နဝါရီ ၉ ရက် မွန်းလွဲ ၁ နာရီတွင် ဘူးသီးတောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး ဝန်ထမ်းများအနေဖြင့် လာဘ်ပေးလာဘ်ယူမှုကင်းရှင်း၍ ပြည်သူ့အကျိုးကို စေတနာထားဆောင်ရွက်ရေး၊ ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်းစဉ်(၈)ရပ် အောင်မြင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ယင်းနောက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးအတွက် မတည်ငွေပေးအပ်ပွဲ ကျင်းပရာ ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာနဝန်ကြီး ဦးမြအောင်က အသေးစားငွေစုငွေချေးလုပ်ငန်းနှင့် မတည်ငွေပေးအပ်ခြင်း လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် လယ်ယာကုန်ထုတ်ငွေစုငွေချေးအသင်းခွဲများနှင့် ဆိတ်၊ နွားမွေးမြူရေးအစုအဖွဲ့များသို့ မတည်ငွေကျပ်သိန်း ၂၀၀ ကို ပေးအပ်သည်။

ပြည်နယ်ဝန်ကြီးချုပ်သည် ညနေပိုင်းတွင် မောင်တောမြို့ နယ်စပ်ကုန်သွယ်ရေးကုန်သည်ကြီးများအသင်း၌ အသင်းကော်မတီဝင်များ၊ ကုမ္ပဏီလုပ်ငန်းရှင်များနှင့်တွေ့ဆုံပြီး ကုန်သွယ်မှုမြှင့်တင်ရေး၊ ကုန်ထုတ်လုပ်မှု မြင့်မားရေး၊ အမယ်သစ်ပို့ကုန်များ တိုးချဲ့ပို့ဆောင်နိုင်ရေးတို့ကို မှာကြားခဲ့သည်။

ဇန်နဝါရီ ၁၀ ရက် နံနက် ၇ နာရီခွဲတွင် နယ်စပ်ဒေသ လူဝင်မှုစစ်ဆေးရေးကွပ်ကဲမှုဌာနချုပ်အဝင်၊ အထွက်စခန်း(မောင်တော)ကို ကြည့်ရှုစစ်ဆေးပြီး မောင်တောမြို့နယ် ကြိမ်ချောင်းတိုက်နယ်ဆေးရုံ ကိုယ့်အားကိုယ်ကိုး ခတ်မှန်ဆောင်သစ်ဖွင့်ပွဲသို့ တက်ရောက်ရာ အလှူရှင် ရှိုင်းဆောက်လုပ်ရေးကုမ္ပဏီဥက္ကဋ္ဌ ဦးအောင်ဇော်ဝင်းက ခတ်မှန်ဆောင်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ကြိမ်ချောင်းတိုက်နယ်ဆရာဝန် ဒေါက်တာစံလင်းထံ လွှဲပြောင်းပေးအပ်သည်။

ပြည်နယ်ဝန်ကြီးချုပ်သည် နံနက် ၁၀ နာရီတွင် ငါးခူရ အထက်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ် ဖွင့်ပွဲသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး အလှူရှင် မောင်တောမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်းမောင်က ကျောင်းဆောင်သစ်ဆောက်လုပ်လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်သည် ငါးခူရ မူလတန်းကျောင်းခွဲ၊ မောင်တောမြို့နယ် အမှတ်(၅) အခြေခံပညာမူလတန်းကျောင်းနှင့် အထက်တန်းကျောင်းတို့ကို ကြည့်ရှုစစ်ဆေးပြီး မောင်တောခရိုင် အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျေးရွာအုပ်စု လယ်ယာကုန်ထုတ်အစုအဖွဲ့၊ ငါးလုပ်ငန်းအစုအဖွဲ့၊ ဆိတ်မွေးမြူရေး အစုအဖွဲ့များသို့ မတည်ငွေကျပ်သိန်း ၃၀၀ ကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မော်တော်ယာဉ် တင်သွင်းခွင့် ပါမစ်များ စတင်ခွင့်ပြုချိန်မှ ဇန်နဝါရီ ၁၂ ရက်အထိ လူစီးယာဉ် ၁၈၀၈၃ စီး၊ ကုန်တင်ယာဉ် ၆၉၄ စီးနှင့် ဘတ်စ်ကား ၂၇၆ စီးအတွက် သွင်းကုန်ပါမစ်/လိုင်စင်များ ခွင့်ပြုထုတ်ပေးပြီးဖြစ်

နေပြည်တော် ဇန်နဝါရီ ၁၄

မော်တော်ယာဉ်အို/ယာဉ်ဟောင်းများ အစားထိုးလဲလှယ်ရေး အစီအစဉ်ကို ၂၀၁၁ ခုနှစ် စက်တင်ဘာ ၁၂ ရက်တွင် ကြေညာခဲ့ပြီး ပြည်ပမှ အစားထိုးတင်သွင်းခွင့်အထူးပါမစ်ကို ခွင့်ပြုထုတ်ပေးလျက်ရှိရာ ယခုလက်ရှိ ယာဉ်အို/ယာဉ်ဟောင်း အစားထိုးတင်သွင်းခွင့်ပြုခြင်းအပြင် ပို့ကုန်/သွင်းကုန်လုပ်ငန်းရှင်များ၊ ဟိုတယ်/ခရီးသွားလုပ်ငန်းရှင်များ၊ ကျောက်မျက်လုပ်ငန်းရှင်များ၊ ပြည်ပနိုင်ငံများတွင် သွားရောက်တာဝန်ထမ်းဆောင်နေသော သံတမန်ဝန်ထမ်းများ၊ နိုင်ငံဝန်ထမ်းများ၊ ကာလရှည် ပညာသင်သွားရောက်သော နိုင်ငံ့ဝန်ထမ်းများအား သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ထောက်ခံချက်ဖြင့် မော်တော်ယာဉ်တစ်စီးစီ တင်သွင်းခွင့်ပြုလျက်ရှိသည်။

ပင်လယ်ကူးသင်္ဘောသားများ မော်တော်ယာဉ်တင်သွင်းခွင့်ကို ပို့ဆောင်ရေးဝန်ကြီးဌာန ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ စိစစ်ထောက်ခံချက်ဖြင့် မော်တော်ယာဉ် တင်သွင်းခွင့်ဆိုင်ရာ ကြီးကြပ်ရေးကော်မတီ၏ အတည်ပြုချက်ရယူစိစစ်ခွင့်ပြုပေးလျက်ရှိသည်။

ပို့ဆောင်ရေးဝန်ကြီးဌာန ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန၏ ထောက်ခံချက်ပေးထားသော သင်္ဘောသား ၉၉၅ ဦး အမည်စာရင်းပေးပို့ထားပြီး ယခင်ကတင်သွင်းခွင့်ပြုသည့် မော်တော်ယာဉ်၏ဈေးနှုန်း၊ မော်ဒယ်တိတိကျကျ မသိရသေးသောကြောင့် တင်သွင်းခွင့် မလျှောက်ကြသေးသော်လည်း ယခုအခါ ဆောင်ရွက်ရမည့်ဈေးနှုန်းနှင့် မော်ဒယ်များ တိတိကျကျသိရှိပြီးဖြစ်၍ လျှောက်လွှာများ စတင်လျှောက်ထားနေပြီဖြစ်ရာ ဇန်နဝါရီ ၁၂ ရက်တွင် လျှောက်ထားသူ ၁၅ ဦးရှိပြီး အားလုံးကို သွင်းကုန်ပါမစ် ထုတ်ပေးခွင့်ပြုပြီးဖြစ်ကြောင်း သိရှိရသည်။

လျှောက်ထားသူများအနက် ၁၁ ဦးမှာ ကားတစ်စီး ဒေါ်လာ ၅၀၀၀ ဖြင့် ဝယ်ယူခွင့်ပြုသည့် အင်ဂျင်ပါဝါ ၁၃၅၀ စီစီအောက် ၂၀၀၉ မော်ဒယ် လေးစီး၊ ၂၀၀၈ မော်ဒယ် သုံးစီး၊ ၂၀၀၇ မော်ဒယ် လေးစီးဖြစ်ကြောင်းနှင့် ကျန်လေးစီးမှာ ဒေါ်လာ ၁၀၀၀၀ မှ ၂၀၀၀၀ ကြားတန်ဖိုးရှိကားများဖြစ်ကြောင်း သိရသည်။

ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ မော်တော်ယာဉ်တင်သွင်းခွင့်ပါမစ်များ စတင်ခွင့်ပြုချိန်မှ ဇန်နဝါရီ ၁၂ ရက်အထိ သင်္ဘောသားများအတွက် လူစီးယာဉ် ၁၅ စီး၊ ကုမ္ပဏီလုပ်ငန်းရှင်များအတွက် လူစီးယာဉ် ၁၁၃ စီး၊ ယာဉ်အို/ယာဉ်ဟောင်းတွင် လူစီးယာဉ် ၁၇၉၅၅ စီး၊ ကုန်တင်ယာဉ် ၆၉၄ စီးနှင့် ဘတ်စ်ကား ၂၇၆ စီးတို့ကို သွင်းကုန်ပါမစ်/ လိုင်စင်များ ခွင့်ပြုထုတ်ပေးပြီးဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မူးယစ်ဆေးဝါးဆိုးကျိုးအန္တရာယ် အသိပညာပေးဟောပြော

ရန်ကုန် ဇန်နဝါရီ ၁၄

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်အတွင်းရှိ ACA ပညာရိပ်ငြိမ်မုဒိတာရင်ပြင်ခန်းမ၌ လူမှုဝန်ထမ်းဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး စေတနာ့ဝန်ထမ်းမူးယစ်ကြီးကြပ်ရေးမှူးအသင်းမှ ဦးဆောင်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မူးယစ်ဆေးဝါးဆိုးကျိုးအန္တရာယ် အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၁၃ ရက် နံနက် ၉ နာရီတွင် ကျင်းပရာ ACA ပညာရိပ်ငြိမ်စာသင်ကျောင်းမှ အကြံပေးဖြစ်သူ ရှေးဟောင်းသုတေသနရုံးမှ ညွှန်ကြားရေးမှူးချုပ်(အငြိမ်းစား) ဦးစန်းဝင်းက နှုတ်ခွန်းဆက်စကားပြောကြားခဲ့ပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးသိန်းစိုး**(အောက်ပုံ)**နှင့် အသင်းဥက္ကဋ္ဌ ဦးစံရှိန်တို့က အမှာစကားပြောကြားသည်။

ယင်းနောက် မူးယစ်ဆေးဝါးအန္တရာယ် အသိပေးဆွေးနွေးရာတွင် ယနေ့မျက်မှောက်ခေတ်လူငယ်များနှင့် စိတ်ကြွရူးသွပ်ဆေးဝါး အန္တရာယ်ခေါင်းစဉ်ဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရန်ကုန်မူးယစ်(အရှေ့) အထူးအဖွဲ့မှ ရဲအုပ်မြင့်သိန်းက ရှင်းလင်းဆွေးနွေးခဲ့ပြီး အသင်းတိုင်းဒေသကြီး အလုပ်အမှုဆောင် ဦးထင်ကျော်မိုး (မြေလတ်ထင်ကျော်မိုး) နှင့် ခရိုင်တာဝန်ခံ ဒေါ်သက်သက်မာတို့က သက်ဆိုင်ရာ ခေါင်းစဉ်အလိုက် ဆွေးနွေးသည်။ ဆက်လက်၍ မူးယစ်ဆေးဝါးဆိုးကျိုးအန္တရာယ် အသိပညာပေးလုပ်ငန်းများ လုပ်ကိုင်သွားရန် စီစဉ်ထားရှိကြောင်း သိရသည်။ (လူမှုဝန်ထမ်း)

လမ်းသစ်၊ တံတားသစ်ဖောက်ခြင်းဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြပါစို့

သတင်းမှတ်စုနှင့် ဓာတ်ပုံ
ကလေး - ဝင်းသူ

ကလေး-ဂန့်ဂေါလမ်းပေါ်ရှိ ဂန့်ဂေါမှ ၃၂ မိုင်အကွာတွင် တောင်ခင်ရန်းရွာဆောက်လုပ်ရေးစခန်းချ၍ လမ်းအထူးအဖွဲ့ (၁၁) မှ ဂန့်ဂေါ-ကလေးလမ်းမကြီးကို တိုးတက်ကောင်းမွန်ရန် ပြုပြင်ဖောက်လုပ်လျက်ရှိသည်။

တောင်ခင်ရန်းစခန်းရှိ တောင်ခင်ရန်းရွာကား ဂန့်ဂေါနယ်ရှိ ကျေးရွာပေါင်း ၁၁၁ ရွာအနက် အစည်ကားဆုံး၊ အတိုးတက်ဆုံးရွာဖြစ်သည်။ တောင်ခင်ရန်းရွာ၌ တောင်ခင်ရန်းဆည်၊ နမခစိုက်ခင်း၊ ထွန်စက်စခန်း၊ ရဲစခန်း၊ အထက်တန်းကျောင်းခွဲ၊ စာစစ်ဌာန၊ တယ်လီဖုန်းစခန်း၊ သုတစွယ်စုံစာကြည့်တိုက်တို့၊ ဘုတာတို့ ရှိပြီး ပဲ၊ စပါးကြောင့် ယောနယ်၌ ချမ်းသာကြွယ်ဝနေသော ရွာဖြစ်သည်။ တယ်လီဖုန်း အိတ်ချိန်းအတွင်း၌ အင်တာနက်ချိတ်ဆက်ရန်ပြင်ဆင်နေကြသည်။ တောင်ခရန်းသားတို့ပျော်စရာ၊ အပန်းဖြေရာ ဘိလိယက်ခုံနှစ်ခုံရှိသည်။ နံကပ်တိုက်၊ TV၊ စပါးခွဲဓာတ်ငွေ့ မီးအားပေးစက်များဖြင့် တစ်ရွာလုံး ထိန်ထိန်လင်းလျက်ရှိရာ မြို့ကလေးတမျှ တိုးတက်သာယာနေသည်ကို တစ်ညအိပ်ခရီး၌ တွေ့မြင်ခဲ့ရသည်။

ယခင်က ဂန့်ဂေါ-ကလေးလမ်းကို ကုမ္ပဏီတစ်ခုခုက လမ်းဖောက်ပြုပြင်နေသည်ဟုသာ ထင်မှတ်ခဲ့သော်လည်း ချင်းပြည်နယ် ဖလမ်းမြို့တွင် ရုံးစိုက်၍ လမ်းတံတားများကို ပြုပြင်တိုးချဲ့ဖောက်လုပ်ပေးနေသော လမ်းအထူးအဖွဲ့(၁၁)က ဖောက်လုပ်နေခြင်းဖြစ်သည်ဟု သိရသည်။

ကလေးတွင် တစ်ရက်ကြာ နားနေခိုက် ဂန့်ဂေါ-ကလေးလမ်းပိုင်းနှင့်ပတ်သက်၍ တွေ့ဆုံမေးမြန်းခဲ့သည်။ အင်ဂျင်နီယာမှူးကြီးက "ဒီလမ်းကို ဒုတိယဝန်ကြီးကလည်း သဘောကျတယ်၊ ကျွန်တော်ကလည်း သဘောကျတယ်၊ ဒီလမ်းဟာ မြန်မာ-ထိုင်း-အိန္ဒိယ သုံးနိုင်ငံ ဆက်သွယ်သွားလာမယ့် လမ်းဖြစ်တယ်၊ ကလေးဒေသနဲ့ဂန့်ဂေါ ဒေသလမ်းတစ်လျှောက်ရှိ ကျေးရွာတွေ အများအပြားဖွံ့ဖြိုးလာမယ်၊ ကျောက်နဲ့သဲလည်း မြစ်သာမြစ်နှင့် မဏိပူရမြစ်က အလျှံပယ်ရရှိတယ်၊ ရေးပါဗျာ ခွင့်ပြုပါတယ်"ဟု ဆိုသည်။

ဆက်လက်၍ ကျွန်တော်တို့သည် ကလေး-ဂန့်ဂေါလမ်းအတိုင်း ထွက်ခွာလာပြီး ၁၀ မိနစ်ခန့် မောင်းလိုက်လျှင်ပင် ပန်းမွန်ချောင်းတံတားကြီးကို တွေ့လိုက်ရသည်။ ပန်းမွန်ချောင်းတံတားကြီးကို ၂၀၀၄ ခုနှစ်က လမ်းအထူးအဖွဲ့ (၁၁) ကပင် ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ ထိုတံတားကြီးမှာ လှလည်းလှ၊ ချင်းတောင်တန်းကြီးနှင့် အလွန်ပန်းရလှသော တံတားကြီးဖြစ်သည်။ ယခုထိုတံတားကြီးတွင် တံတားဖြတ်ကူးခများပင် ကောက်ယူနေကြပြီဖြစ်သည်။ တံတား၏ သက်တမ်းမှာ ခြောက်နှစ်ရှိနေပြီဖြစ်သော်လည်း တံတားကြီးမှာ လှပနေဆဲ၊ ကြံ့ခိုင်နေဆဲပင်ဖြစ်သည်။

ကျွန်တော်တို့သည် ပန်းမွန်ချောင်းတံတားကြီးကို ဓာတ်ပုံမှတ်တမ်းတင်ပြီးနောက် ဂန့်ဂေါဘက်သို့ ဆက်လက်ထွက်ခွာခဲ့ကြသည်။ ချောင်းခွ၊ အောင်ချမ်းသာ၊ ဟဲလုပ်၊ ခွေကြိမ်၊ သံဖို၊ မြို့သာ၊ ခြောက်စည်းရွာသစ်၊ ကျော်စွာ၊ ရွာစည်ရွာသာ၊ တောင်စည်၊ ချင်းကင်း၊ ဆည်တောရွာများကိုကျော်၍ မဏိပူရမြစ်အနီးရှိ မြောင်းချောင်းတံတားသို့ ရောက်ရှိကြသည်။ ကားကိုရပ်၍ မြောင်းချောင်းတံတားကို ဓာတ်ပုံရိုက်ယူကြသည်။ မြောင်းချောင်းတံတားကိုလည်း လမ်းအထူးအဖွဲ့(၁၁)ကပင် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ တံတားအရှည် ၁၇၅ ပေ၊ အနံ ၁၂ ပေရှိသည်။ ဘေလီပေါင်း ၆၀ ရှိသည်။ မြောင်းချောင်းတံတားမှာ ဂန့်ဂေါ-ကလေးလမ်းပေါ်ရှိ တံတားအမှတ် (၇/၅၃)ဖြစ်သည်။ တံတားကို ၂၀၀၇ ခုနှစ် ဇူလိုင် ၂၅ ရက်က စတင်ဆောက်လုပ်ခဲ့ပြီး ၂၀၀၈ ခုနှစ် ဩဂုတ် ၂၆ ရက်က ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

ထို့နောက် မဏိပူရမြစ်ပေါ်တွင် ဖောက်လုပ်ထားသော ကား၊ ရထား နှစ်လမ်းသွားရသော ကမ္ဘာ့နီတံတားကြီးဆီသို့ ရောက်လာကြသည်။ ကမ္ဘာ့နီတံတားကြီးမှာ ကလေး-ဂန့်ဂေါရထားလမ်း ဖောက်လုပ်စဉ်က မြန်မာ့မီးရထားမှ ဖောက်လုပ်ခဲ့သော တံတားကြီးဖြစ်သည်။ ထိုတံတားကြီးမှာ ကလေးနယ်၌ ပထမဦးဆုံး ဖွင့်လှစ်ခဲ့သော ပေ ၁၈၀ အထက် တံတားကြီးတစ်စင်းဖြစ်သည်။ တံတားကြီး၏အထက်နားတွင် နိုင်ငံတော်အစိုးရက မဏိပူရရေလှောင်တမံစီမံကိန်းကို အကောင်အထည်ဖော် တည်ဆောက်လျက်ရှိသည်။

ကျွန်တော်တို့သည် မဏိပူရရေလှောင်တမံစီမံကိန်းနှင့် ကမ္ဘာ့နီတံတားကြီးရှိရာမှ ဆက်ထွက်လာခဲ့ကြရာ ၁၅ မိနစ်အကြာ၌ ကလေးနယ်၏ နယ်စပ်ရွာဆုံးဖြစ်သော ကြံသာရွာကလေးသို့ ရောက်ရှိကြသည်။ ကြံသာရွာကလေးမှာ လမ်းအထူးအဖွဲ့ (၁၁)က ဂန့်ဂေါ-ကလေးလမ်း တိုးတက်ပြုပြင်ဖောက်လုပ်ခြင်းလုပ်ငန်းတွင် ဂန့်ဂေါနယ်၏ လမ်းဆုံးရွာကလေးဖြစ်သည်။

၎င်းလမ်းဆုံး ကြံသာရွာကလေးမှ တင်သား၊ ရှားဖို၊ ဒိုးနွယ်၊ အရှေ့စည်နှင့် ဒိုးနွယ်ရေနံမှော်များသို့ သွားနိုင်သော ကားလမ်းများရှိသည်။ ဒိုးနွယ်ရွာသည် ရေနံမှော်ကြောင်း ကလေး-ဂန့်ဂေါ ကားလမ်းကြီးကြောင့် တောဇနပုဒ်ကလေးမှ ရွာကြီးအဆင့် တိုးတက်စည်ကားလာသော ရွာကြီးဖြစ်သည်။ ဒိုးနွယ်-ကလေးဟိုင်းလတ်၊ မှန်လုံကားများပင် ပြေးဆွဲနေပြီဖြစ်သည်။ လမ်း၊တံတား ကောင်းမွန်ခြင်း၏ အကျိုးများပေတည်း။

ကြံသာရွာကလေးမှ ဆက်ထွက်လာရာ ၁၀ မိနစ်ခန့်အကြာ၌ ဂန့်ဂေါနယ်စပ် အဆုံး ကလေးနယ်စပ်အစ (စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့ဆုံရာ) ဟံသာဝတီနယ်စပ်ရွာကလေးသို့ ရောက်ရှိကြသည်။ ဟံသာဝတီကျေးရွာသည် ဂန့်ဂေါမြို့နယ်၏ နယ်ဆုံးနယ်စပ်ရွာဖြစ်သည်။ အိမ်ခြေ ၁၀၀၀ ကျော်ရှိပြီး ဂန့်ဂေါ-ကလေး လမ်းမကြီး၏ ကားလမ်း၊ ရထားလမ်းရှိရာ ရွာကလေးဖြစ်၍ တစ်ဟုန်ထိုး ဖွံ့ဖြိုးတိုးတက်နေသော ရွာကြီးဖြစ်သည်။ ဈေးဆိုင်၊ တိုက်ခံအိမ်ကြီးများနှင့် နှစ်ထပ်နံကပ်တိုက်သစ် ဖွေးဖွေးလှုလှု ဝါဝါကြီးများဖြင့် ရွာနှင့်မတူ မြို့ကြီးတစ်မြို့ကဲ့သို့ စည်ကားလျက်ရှိနေသည်။

ကျွန်တော်တို့သည် ဟံသာဝတီနယ်စပ်ရွာကလေးမှ ဆက်ထွက်လာခဲ့ရာ မကြာမီ လမ်းကျယ်ကြီးများ၊ တံတားအသစ်ကြီးများ ဆောက်လုပ်ထားသော ဟံသာဝတီနှင့် တောင်ခင်ရန်းအကြားရှိ လမ်းမသစ်ကြီးပေါ်သို့ ရောက်ရှိလာကြသည်။ လမ်းမသစ်ကြီးကား ကျယ်မှကျယ်၊ ဖြောင့်မှဖြောင့်၊ သာယာဖြောင့်ဖြူးလှ၏။ ကြည်နူးဖွယ်ရာ မြင်ကွင်းသာတည်း။ မြေသားလမ်းအဆင့်သာရှိသေးသည်။ လမ်းကျယ်ကြီးကား ကောင်းမှကောင်း။ ဝမ်းသာပီတိ အကြိမ်ကြိမ် ဖြစ်မိ၏။ ထိုလမ်းမကျယ်ကြီးပေါ်တွင် ဖြည်းဖြည်းမှန်မှန် မောင်းနှင်လာခဲ့ရာ မကြာမီ တောင်ခင်ရန်းစခန်းသို့ ရောက်ရှိကြသည်။

မောက်ရွာလမ်းခွဲ၌ ကျောက်ခွဲစက်ကြီးများဖြင့် ကျောက်ခွဲနေကြလေသည်။ ၎င်းကျောက်ကိုခွဲ၍ ဂန့်ဂေါ-ကလေး လမ်းကို ပြုပြင်နေခြင်းဖြစ်သည်။ ကျောက်ကို မဏိပူရမြစ်က သယ်ယူခြင်းဖြစ်သည်။ သဲကို မြစ်သာမြစ်က ယူခြင်းဖြစ်သည်။ မဏိပူရနှင့် မြစ်သာနှစ်သွယ်က ကျောက်များဖြင့် ဂန့်ဂေါ-ကလေးလမ်းကို အဆင့်မြှင့်တင်ဖောက်လုပ်နေရာ မကြာမီ ထိုလမ်းမကြီးမှ အိန္ဒိယနိုင်ငံသို့လည်းကောင်း၊ ထိုင်းနိုင်ငံသို့ လည်းကောင်း လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်တော့မည်ဖြစ်သည်။

မောက်ရွာလမ်းခွဲမှ ဆက်ထွက်လာရာ ညနေ ၄ နာရီခန့်တွင် တောင်ပြာပြင်လမ်းခွဲ ထယ်လှော်ရွာတို့ကို ဖြတ်ကျော်၍ ဂန့်ဂေါခရိုင်က တည်ဆောက်နေသော ကျွန်းဒတ်ရွာရှိ စပါးအိုးချောင်းတံတားကြီးရှိရာသို့ ရောက်ရှိကြသည်။ စပါးအိုးချောင်းတံတားကြီးမှာ မြင့်လည်းမြင့်၍ ကြီးလည်းကြီးမားသည်။ လမ်းအကျယ် ၂၄ ပေရှိသည်။ သံကူကွန်ကရစ်တံတားကြီးကို အင်ဂျင်နီယာ ဦးဘိုစိန်က စီမံအုပ်ချုပ်တည်ဆောက်ခြင်းဖြစ်သည်။

ဂန့်ဂေါ-ကလေးလမ်းပေါ်တွင်ရှိပြီး ဂန့်ဂေါမှ ၁၂ မိုင်အကွာ၊ ဂန့်ဂေါ-ဟားခါးလမ်းမှ ၄ မိုင်အကွာတွင် ရှိသည်။ ထိုစပါးအိုးချောင်းမှ ကလေးဘက်သို့ ဂန့်ဂေါ-ဟားခါးလမ်းမှ ၁၄ မိုင်အကွာတွင် စတင်၍ ကလေးဘက်သို့ လမ်းအထူးအဖွဲ့ (၁၁)က ဖောက်လုပ်ပြုပြင် တည်ဆောက်နေခြင်းဖြစ်သည်။

ဂန့်ဂေါ-ကလေးလမ်း ပြုပြင်တိုးမြှင့်ဖောက်လုပ်ခြင်းလုပ်ငန်းကို ၂၀၀၁-၂၀၀၂ ဘဏ္ဍာရေးနှစ်မှစ၍ ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ ၁၀ နှစ်ကျော်ခရီးသို့ ရောက်ရှိနေပါပြီ။ မြေသားလမ်းအားလုံးပြီးဆုံး၍ ယခုအခါ ကတ္တရာထပ်ပိုးလွှာများခင်းကာ လမ်းကို အဆင့်မြှင့်ဖောက်လုပ်လျက်ရှိသည်။

ဂန့်ဂေါ-ကလေးလမ်းမကြီးပေါ်တွင် ယခုအခါ ကလေးနယ်နှင့် ဂန့်ဂေါနယ်က သာမက ကလေး-မန္တလေး၊ ကလေး-မုံရွာ၊ တမူး-မန္တလေး၊ တမူး-မုံရွာ၊ ဂန့်ဂေါ-မန္တလေး၊ ဂန့်ဂေါ-မုံရွာ၊ ဂန့်ဂေါ-ပခုက္ကူ၊ ဂန့်ဂေါ-ဟားခါး ယာဉ်လိုင်းများ သွားလာပြေးဆွဲလျက်ရှိသည်။

ဂန့်ဂေါ-ကလေး လမ်းမကြီးကား ကလေး၊ ဂန့်ဂေါ၊ ချင်းတောင်တို့၏ ဒေသဖွံ့ဖြိုးရေးကို အကျိုးပြုနေရုံသာမက နောင်အခါ အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ ကူးလူးဆက်သွယ် သွားလာမှုကိုပါ အကျိုးပြုမည့် လမ်းမကြီးဖြစ်ပြီး နိုင်ငံတော်တိုးတက်ဖွံ့ဖြိုးရေးအတွက် လမ်းတစ်လျှောက် မြို့ပြကျေးရွာများပါ ဖွံ့ဖြိုးလျက်ရှိရာ နိုင်ငံတော်၏ လမ်း၊တံတား ဖောက်လုပ်နေမှုကြောင့် ဒေသခံများ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတို့ပါ တိုးတက်ကောင်းမွန်လျက် ရှိနေပြီ။

ဂန့်ဂေါ-ကလေးလမ်းပေါ်၌ ကျေးရွာပေါင်း ၁၀၀ ကျော်တို့၏ ဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြုနေသော လမ်းမကြီးဖြစ်သည်။ ထိုလမ်းမကြီးတိုးတက်ပြုပြင်ဖောက်လုပ်ပေးသဖြင့် ယခင်က စာရေးသူ ကျောင်းသားဘဝက လှည်းဖြင့် သုံးညအိပ်ခရီးသွားခဲ့ရသော လမ်းမကြီးမှာ ယခုအခါ ကားဖြင့် ၄ နာရီ၊ ရထားဖြင့် ၆ နာရီမျှဖြင့် ရောက်ရှိနေပါပြီ။

ကလေး-ဂန့်ဂေါလမ်းမကြီး ကောင်းမွန်လာသဖြင့် ယခုအခါ ဂန့်ဂေါနှင့် ကလေးအကြား သုံးဘီးဆိုင်ကယ် ယာဉ်လိုင်းများ၊ တိုယိုတာ ဟိုင်းလတ်ယာဉ်ငယ်များ၊ မှန်လုံယာဉ်လိုင်းများပါ ပြေးဆွဲနေပြီဖြစ်ရာ လမ်းကောင်းခြင်း၏အကျိုးကို ဒေသခံတို့ လက်တွေ့ခံစားနေကြရပြီဖြစ်ပါသတည်း။ ။

လမ်းသစ်တွေ ဖောက်လုပ်ခြင်းဖြင့် တိုင်းပြည် တိုးတက်ဖွံ့ဖြိုးအောင် ဆောင်ရွက်ကြပါစို့။ ။

ဂန့်ဂေါ-ကလေးလမ်းပိုင်းတွင် လမ်းအထူးအဖွဲ့(၁၁)က တာဝန်ယူဖောက်လုပ်ပေးထားသော ကတ္တရာလမ်းမသစ်ကြီးအား ၎င်းသို့ ရှုမငြီးစရာ တွေ့ရစဉ်။

လမ်းဖောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁၁)က တိုးတက်ပြုပြင်ဖောက်လုပ်ပေးထားသော ကလေးနှင့် ဂန့်ဂေါနယ်စပ်ရှိ ဟံသာဝတီကျေးရွာက ရေကျော်လမ်းအား တွေ့ရစဉ်။

ချစ်ကို. . . တစ်စီးလောက်

"ချစ်ကို. . . တစ်စီးလောက်"

ဆိုတဲ့ ပြောသံဆိုသံတွေကို ရန်ကုန်မြို့ထဲ လိုင်းကားစီးပြီး အလုပ်သွား၊ အလုပ်ပြန် နိစ္စဓူဝဆောင်ရွက်နေရတဲ့ မိမိအဖို့ အဆိုပါခွင့်တောင်းသံမျိုး ကြားတိုင်းရင်တမမ ခံစားခဲ့ရသည်။

မိမိစီးနင်းလာသည့် လိုင်းကားမှ ယာဉ်နောက်လိုက် (စပယ်ယာ)က ဖြစ်စေ၊ မိမိစီးလာတဲ့ကားနဲ့ယှဉ်ပြီး ကျော်တက်ချင်လို့ အနားကပ်ရပ်လာတဲ့ တစ်ဖက်ယာဉ်ရဲ့ ယာဉ်နောက်လိုက်ကဖြစ်စေ၊ "ချစ်ကို . . . တစ်စီးလောက်" ဆိုပြီး အကူအညီတောင်းတဲ့ စကားဖြစ်တာမို့ ယာဉ်စီးနင်းဖူးသူတိုင်းအားလုံးက သိရှိပြီးဖြစ်ပါလိမ့်မည်။

"ချစ်ကို. . . တစ်စီးလောက်" ခွင့်တောင်းပြီး (တစ်ဖက်ယာဉ်မောင်းက ခွင့်ပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ) မဆင်မခြင် ကျော်တက်ဖြတ်ဝင်မှုကြောင့် ကျော်တက်မည့် ယာဉ်ကြီး၊ ယာဉ်ငယ်နှင့် လမ်းမှန်သွား ယာဉ်ကြီး၊ ယာဉ်ငယ်တို့ တိုက်မိခိုက်မိမှုကြောင့် အချင်းများမှု၊ ယာဉ်အချင်းချင်း လမ်းလုကာ ရုတ်တရက် ဘရိတ်နင်းမှုကြောင့် ခရီးသည်များ ထိခိုက်အနာတရ ရမှုကိုလည်း ကိုယ်တွေ့ကြုံခဲ့ရပေါင်းများပါပြီ။

ရန်ကုန်တစ်ခွင် မိုးရွာပြီဆိုလျှင် အမြဲတမ်းရေကြီး၊ ရေကျော်၊ ရေလျှံတတ်တဲ့ သိမ်ဖြူလမ်းနှင့် မြန်မာ့ဂုဏ်ရည်လမ်း မီးပွိုင့်တံတားနေရာကို သက်ဆိုင်ရာက ပြီးခဲ့သည့် မိုးတွင်းကစပြီး ရေကျော်ရေလျှံမှုမဖြစ်ရလေအောင် ရေဆိုးထွက်ပေါက်ချဲ့ထွင်မှုကို လမ်းတစ်ဖက်စီ အလှည့်ကျ တိုးချဲ့ပြုလုပ်နေသည်။

ဒီကနေ့လည်း ကြုံရပြန်ပါပြီ။

မိမိစီးနင်းလာသည့် လိုင်းကားကို အခြားလိုင်းကားကြီးတစ်စီးက အလျင်စလို မဆင်မခြင် မောင်းနှင်ပြီး ဘေးချင်းယှဉ်ကာ ကျော်တက်ချင်လို့ . . .

"ချစ်ကို. . . တစ်စီးလောက်"ဆိုပြီး အတင်းရှေ့ဖြတ်တိုးဝင်တော့သည်။ တစ်ဖက်က မိမိစီးနင်းလာသည့် လမ်းမှန်မောင်းလိုင်းကားက ခွင့်မပြု၊ လိုင်းကားနှစ်စီး ဘေးချင်းယှဉ်တိုက်မိသလို ဖြစ်သွားသည်။ မိမိစီးနင်းသည့် လိုင်းကားက ရုတ်တရက် ဘရိတ်နင်းလိုက်မှုကြောင့် မိမိအပါအဝင် ခရီးသည်များ ယိမ်းထိုးလဲကျဖြစ်ခဲ့ရတော့သည်။

ယာဉ်အန္တရာယ်ကင်းဝေးရေး အများပြည်သူကို အသိပေး၊ စည်းကမ်းပျက်သူများကို အရေးယူမည်ဟု တစ်ဖက်က သတိပေးနေချိန်တွင် ကိုယ်ပိုင်ယာဉ်၊ အငှားယာဉ်၊ လိုင်းကားအားလုံးမှ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်အားလုံးကလည်း မိမိတို့ခရီးသည်များအားလုံးကို -

"လက်လွှတ်ဆင်း"

"ချစ်ကို . . . တစ်စီးလောက်"

ဆိုသည့် လက်ဆောင်မျိုး နေ့စဉ်ပေးနေဦးမှာလားဗျာ။ (ကိုချစ်)

ရန်ကုန်မြို့နေ ဒေါ်တင်တင်၊ ဒေါ်ခင်ခင်လှိုင်တို့၏ တူမောင် ဦးလှဌေးမိသားစုက ဥက္ကံမြို့ ဦးမောင်ရုံး- ဒေါ်ရင် ဘိုးဘွားရိပ်သာသို့ ထာဝရငွေပဒေသာပင် ငွေကျပ် ၁၀ သိန်း လှူဒါန်းရာ ရိပ်သာကော်မတီဥက္ကဋ္ဌ ဦးဟုန်စိန် လက်ခံစဉ်။
(ဘိုးဘွားရိပ်သာ)

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်းမပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင် မြန်မာနိုင်ငံ နယ်စပ်နှင့်တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓဘာသာ သာသနာနုဂ္ဂဟအသင်း ဗဟိုအလုပ်အမှုဆောင်ကော်မတီ ပထမအကြိမ်အစည်းအဝေး၌ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ နယ်စပ်နှင့်တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓဘာသာ သာသနာနုဂ္ဂဟအသင်း ဗဟိုအလုပ်အမှုဆောင်ကော်မတီ ပထမအကြိမ်အစည်းအဝေး ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၄

မြန်မာနိုင်ငံ နယ်စပ်နှင့်တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓဘာသာ သာသနာနုဂ္ဂဟအသင်း ဗဟိုအလုပ်အမှုဆောင်ကော်မတီ ပထမအကြိမ်အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် တံတားလေးလမ်းဝရှိ ဇမ္ဗူသီရိပိမာန်တော်ကြီး၌ကျင်းပရာ အသင်းနာယက သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်က အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် အသင်းဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက အသင်းနှင့်စပ်လျဉ်း၍လည်းကောင်း၊ အသင်းအထွေထွေအတွင်းရေးမှူး သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခိုင်အောင်က ၂၀၀၉ ခုနှစ်မှ လက်ရှိအချိန်အထိ ဆောင်ရွက်ပြီးစီးခဲ့သော သာသနာရေးဆိုင်ရာလုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အသင်း၏ တတိယအကြိမ် အစည်းအဝေးမှတ်တမ်းကို အတည်ပြုကြပြီး အစည်းအဝေးသို့ တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ အသင်းနာယက ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

(သတင်းစဉ်)

တနင်္သာရီတိုင်းဒေသကြီး ခေတ္တဝန်ကြီးချုပ် မေတ္တာမြို့နယ်ခွဲ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၄

တနင်္သာရီတိုင်းဒေသကြီး ခေတ္တဝန်ကြီးချုပ်ဦးမြတ်ကိုသည် ဇန်နဝါရီ ၁၂ ရက် နံနက် ၁၁ နာရီခွဲတွင် မေတ္တာမြို့နယ်ခွဲ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံရာ မေတ္တာမြို့နယ်ခွဲအုပ်ချုပ်ရေးမှူး ဦးသူရသိမ့်က မြို့နယ်ခွဲဖွံ့ဖြိုးတိုးတက်ရေးကိစ္စများကို တင်ပြပြီး တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းဆွေ၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်ဆန်းနှင့် ကရင်တိုင်းရင်းသားရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးစောဟာဗီတို့က ဌာနအလိုက် ဆောင်ရွက်မည့်လုပ်ငန်းများကို ဖြည့်စွက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီး ခေတ္တဝန်ကြီးချုပ်သည် တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မြင့်မားရေး Night Study ဖွင့်လှစ်နိုင်ရန် စက်သုံးဆီနှင့် ဆိပ်ဖြူးကျေးရွာ အခြေခံပညာမူလတန်းကျောင်း ပြုပြင်မွမ်းမံရန် ဘိလပ်မြေတို့ကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဒေသခံကရင်တိုင်းရင်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး မြို့နယ်ခွဲပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးနှင့် မြို့နယ်ဒေသ ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးတို့ကို စစ်ဆေးသည်။

ထိုမှတစ်ဆင့် ဟိန္ဒားကျေးရွာသို့ ရောက်ရှိပြီး ဒေသခံများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ ဟိန္ဒားကျေးရွာ အခြေခံပညာအထက်တန်းကျောင်း အမိုးအတွက် သွပ်လှူဒါန်းသည်။

တိုင်းဒေသကြီးခေတ္တဝန်ကြီးချုပ်သည် ညနေပိုင်းတွင် ကျောက်မဲတောင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ရပ်မိရပ်ဖများ၊ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများအား တွေ့ဆုံ၍ ကျောင်းပြုပြင်ရန် သွပ်နှင့် ဘိလပ်မြေတို့ကို ဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

ပုံစံသစ်ဖြင့် ပြောင်းလဲထုတ်ဝေလိုက်သည့် TV Guide ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၁၄

၁၅ ရက်တစ်ကြိမ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် TV Guide စာစောင်အတွဲ (၃)၊ အမှတ် (၂)ကို ဇန်နဝါရီ ၁၄ ရက် (စနေနေ့)တွင် စတင်ဖြန့်ချိလိုက်ပြီဖြစ်သည်။ ယင်း TV Guide စာစောင်တွင် (၆၉)ကြိမ်မြောက် ရွှေကမ္ဘာလုံးဆုပေးပွဲ ဆောင်းပါး၊ စွယ်စုံရအနုပညာရှင် ထပ်ဆင့်အကယ်ဒမီဝင်းဦး ကွယ်လွန်ခြင်း(၂၃) နှစ်ပြည့် အမှတ်တရ လွမ်းမပြေဘူးကိုဝင်းဦး Cover Story၊ Intellectual Talk အစီအစဉ်မှ "ရွေးကောက်ပွဲဒီမိုကရေစီမှ လစ်ဘရယ်ဒီမိုကရေစီသို့" ခေါင်းစဉ်ဖြင့် ဦးကျော်ဝင်း ဆွေးနွေးတင်ဆက်ခဲ့သည့် ဆောင်းပါး စသည့်အစီအစဉ်များ ပါဝင်သည်။

TV Guide စာစောင်ကို TV Guide Distribution Network ဖုန်း-၀၉-၇၃၀၆၀၃၁၅ မှ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။ Door To Door မှာယူလိုသူများသည် Novel Light Express ဖုန်း-၀၉-၅၀၈၀၈၅၀၊ ၃၉၁၁၈၆၊ Market Care ဖုန်း-၀၁-၂၂၃၉၇၃၊ ၀၉-၇၃၀၇၃၀၂၉ သို့ မှာယူနိုင်ကြောင်းသိရသည်။ (သတင်းစဉ်)

ပဋ္ဌာန်းရွတ်ဖတ်ပူဇော်

ရန်ကုန် ဇန်နဝါရီ ၁၄

ရန်ကုန်မြို့ အင်းစိန်မြို့နယ် ပဒေသာလမ်း ဈေးကုန်းအနောက်ရပ်ကွက် ရာမကျောင်း၌ ကျမ်းမြတ်ပူဇော်ပွဲကို ဇန်နဝါရီ ၁ ရက်မှ ၄ ရက်အထိ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းရေးဆွဲရေးကော်မတီဝင် ဦးတင်ယု (အမျိုးသားလွှတ်တော်ကိုယ်စားလှယ်)၊ ဈေးကုန်းအနောက်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးခင်အောင်၊ ပွဲတော်ဖြစ်မြောက်ရေးကော်မတီ အတွင်းရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ဝင် အလှူရှင်များ၊ ဘုရားဖူးပရိသတ်များ တက်ရောက်ကြသည်။

အဆိုပါပဋ္ဌာန်းပွဲတွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ဖြစ်မြောက်ရေး အကျိုးဆောင်အဖွဲ့ အတွင်းရေးမှူး ဦးတင်ဝင်းတို့ကအမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (၃၂၃)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၅-၁-၂၀၁၂ (တနင်္ဂနွေနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလာသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၄၀ "သစ္စာရွှေထားမေတ္တာပွား ဘုရားပူဇော်ပါ" တရားတော် (ယောဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ)
- ၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၈၇)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၄၀)**
- ၈း၄၅ Four FLAVOURS Show (Part-6)
- ၉း၄၀ Sunday Talk (ရဲမှူးထွန်းထွန်းဝေ၊ မျိုးမြတ်သူ)
- ၁၀း၁၀ နည်းပညာသစ်များနှင့် ရှင်သန်နေတဲ့ VFRDC (တစ်သျှူးနည်းဖြင့် အပင်မျိုးပွားခြင်း)
- ၁၀း၃၀ Haieneal ချစ်သူများအတွက် ကျေးဇူးတုံ့ပြန်ပွဲ
- ၁၀း၄၅ အနုပညာရပ်ဝန်းမှရင်ခုန်သံများ "ရာဇဝင်ထဲကအလန်း"
- ၁၁း၁၀ သွယ်လျကျန်းမာ လှပစေတာ SMART GIRLS ပါ
- ၁၁း၃၀ STUDY ABROAD Information Centre (Study in Singapore)
- ၁၁း၄၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိုးကျရွှေကိုယ်" (အပိုင်း-၂၅)**
- ၁၂း၃၀ ယုဇနပလာဇာဂေါက်ရိုက်အသင်း၏ဂေါက်ရိုက်ပြိုင်ပွဲ
- ၁း၀၀ "သစ္စာရွှေထားမေတ္တာပွား ဘုရားပူဇော်ပါ" တရားတော် (ယောဆရာတော် ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၄၀)**
- ၃း၂၀ ဂုဏ်ထူးဦးသိန်းနိုင်၏ ပညာရည်ချွန်ဆုပေးပွဲနှင့် အာစရိယပူဇော်ပွဲ
- ၃း၃၀ MNL MYANMAR 2012 (Southern Myanmar Vs Mawyawady) (LIVE)
- ၅း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိုးကျရွှေကိုယ်" (အပိုင်း-၂၆)**
- ၆း၀၀ MRTV-4 သတင်း
- ၆း၁၅ ဗုဒ္ဓဂယာ၌ကျင်းပပြုလုပ်ခဲ့သော အပြည်ပြည်ဆိုင်ရာ ပိဋကတ်သုံးပုံပူဇော်ပွဲအခမ်းအနား
- ၆း၄၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၈၈)**
- ၇း၃၅ Road To Fantastic Music Contest
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ Road To New Star Gems & Jewellery Show
- ၈း၄၀ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၄၆)
- ၈း၅၅ ဗီဒီယိုပြခန်း
- ၉း၁၅ သွားမယ်စားမယ် (စိမ်းလန်းစိုပြည်)
- ၉း၄၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၄၁)**
- ၁၀း၂၅ Barclays Premier League (Swansea City Vs Arsenal)
- ၁၂း၂၅ ဂဏန်းသင်္ချာပျော်စရာ
- ၁း၀၀ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
- ၁း၂၅ Kid's Show
- ၁း၄၅ မှတ်မှတ်ရရရှိစေဖို့ ကယားဒေသဟင်းထုပ်
- ၁း၅၀ မြန်မာနိုင်ငံရေကြောင်းပညာ တက္ကသိုလ်အကြောင်း သိကောင်းစရာ
- ၂း၃၅ အိုမင်းမှုရောဂါများနှင့် Antioxidant
- ၂း၅၅ ရောင်စုံရသနီယွန်ည
- ၃း၂၅ 'ကြက်သွန်'စိုက်ပျိုးဖြစ်ထွန်း အောင်မြင်ဆိပ်ဖြူမြို့တစ်ခွင်
- ၃း၄၀ ဂန္ထဝင်မြောက်ပန်းချီဆရာကြီး ဦးဘကြည်
- ၃း၅၀ စိတ်ဝင်စားစရာ ကျောက်မျက်ကမ္ဘာ (မြန်မာ့ကျောက်စိမ်း မြန်မာ့အနုပညာ)
- ၄း၁၀ ဒို့တိုင်းဌာနီဧရာဝတီ (ဥတ္တိုပေါ်ဆန်းစပါး)
- ၄း၄၀ မြတ်နိဗ္ဗာန် သောင်ကမ်းသို့ရည်. . . ဖားအောက်တောရစခန်းမှသည်
- ၅း၀၀ အစီအစဉ်ပြီး။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၈း၀၀	Newcastle United- QPR	(ESPN)
၁၀း၂၅	Swansea City - Arsenal	(ESPN) (MRTV-4)

***ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။**

ပေးအပ်လှူဒါန်း

ဦးအောင်မြင့်အေး-ဒေါ်ဌေးဌေးဝင်း၊ သမီး မမေသက်ခိုင်၊ မရည်မွန်အောင် ရွှေကံကော်(အသင့်စားဖွယ်) မိသားစုက မမေသက်ခိုင်၏ (၁၇)နှစ်ပြည့် မွေးနေ့အလှူအဖြစ် ဆေးပဒေသာပင် အလှူငွေကျပ် ၁၀ သိန်းကို ဇန်နဝါရီ ၁၂ ရက်က ရန်ကုန် ကလေးဆေးရုံအုပ်ကြီး ဒေါက်တာဦးအောင်ကြည်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

"မီး" ဘေးအန္တရာယ်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

မကြာမီ ပူပြင်းခြောက်သွေ့သည့် နွေရာသီသို့ ရောက်ရှိတော့မည်ဖြစ်ရာ စက်သုံးဆီနှင့် ရေနံထွက်ပစ္စည်းများ သိုလှောင်သယ်ယူဖြန့်ဖြူး ရောင်းချသူများအနေဖြင့် အောက်ဖော်ပြပါအချက်များကို အထူးအလေးထားလိုက်နာဆောင်ရွက်သွားနိုင်ပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

၁။ စက်သုံးဆီသိုလှောင်ကန်/သိုလှောင်ရုံများနှင့်ပတ်သက်၍ သတ္တုတွင်းဦးစီးဌာန၏ သိုလှောင်ခွင့်လိုင်စင်ရှိရမည်။

၂။ စက်သုံးဆီအရောင်းဆိုင်/သိုလှောင်ကန်စခန်းများနှင့် ပတ်သက်၍ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၏ စက်သုံးဆီသိုလှောင်ဖြန့်ဖြူးရောင်းချခွင့်လိုင်စင်ရှိရမည်။

၃။ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် သတိပေးဆိုင်းဘုတ်များ မြင်သာသည့်နေရာများတွင် ချိတ်ဆွဲထားရမည်။ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးစီမံချက် စနစ်တကျရေးဆွဲထားပြီး အနည်းဆုံးတစ်လတစ်ကြိမ် ဇာတ်တိုက်လေ့ကျင့်မှုပြုလုပ်ရမည်။

၄။ မီးဘေးအန္တရာယ်ကာကွယ်နိုင်ရေးအတွက် လိုအပ်သည့် မီးသတ်ပစ္စည်းကိရိယာများ ပြည့်စုံလုံလောက်စွာထားရှိရမည့်အပြင် ဝန်ထမ်းများ စနစ်တကျ ကျွမ်းကျင်စွာ ကိုင်တွယ်အသုံးပြုတတ်စေရန်အတွက် အခြေခံမီးသတ်သင်တန်း တက်ရောက်ထားရမည်။

၅။ စက်သုံးဆီအရောင်းဆိုင်/သိုလှောင်ကန်စခန်းဝင်းအတွင်း မီးလောင်လွယ်စေတတ်သော ပစ္စည်းများနှင့် ပေါက်ကွဲစေတတ်သောပစ္စည်းများ ယူဆောင်လာခြင်း ရှိ၊ မရှိအား စစ်ဆေးကြပ်မတ်ရန်အတွက် လုံခြုံရေးဝန်ထမ်းများထားရှိ တာဝန်ပေးအပ်ထားရမည်။

၆။ အဆောက်အအုံများနှင့် သိုလှောင်ကန်များတွင် မြေစိုက်ကြိုးနှင့် မိုးကြိုးလွှဲများ စနစ်တကျ တပ်ဆင်ထားရမည်။

၇။ သတ်မှတ်အရည်အသွေးပြည့်မီသည့် ပိုက်၊ ပိုက်ဆက်ပစ္စည်း၊ ဘား၊ ပန့်၊ ပန့်တိုင်နှင့် ဆီချပိုက်များကို တပ်ဆင်အသုံးပြုရမည်။ ဆက်သွယ်ထားသည့် ပိုက်လိုင်းများသည် စက်သုံးဆီနှင့် ဆီငွေ့များ ယိုစိမ့်မှုနှင့် လုံခြုံစိတ်ချရမှုရှိရမည်။

၈။ လျှပ်စစ်ပစ္စည်းကိရိယာများကို သတ်မှတ်ချက်နှင့်အညီ စနစ်တကျ တပ်ဆင်သုံးစွဲရမည်။

၉။ စက်သုံးဆီသိုလှောင်ကန်စခန်းများတွင် ဆီတင်ယာဉ် ဆီဖြည့်သည့်နေရာ (Bowser Filling Shed)သီးသန့်ဆောက်လုပ်၍ စနစ်တကျဆောင်ရွက်ရမည်။

၁၀။ ပီပါဖြင့် ဖြန့်ဖြူးရောင်းချပါက ပီပါဆီဖြည့်ရုံ(Drum Filling Shed) သီးသန့်ဆောက်လုပ်၍ စနစ်တကျ ဖြန့်ဖြူးရောင်းချရမည်။

၁၁။ မြစ်ကမ်းနဖူးတွင် တည်ဆောက်ထားသော စက်သုံးဆီသိုလှောင်ကန်စခန်းဖြစ်ပါက ဆီတင်/ဆီချ ဆိပ်ခံ၊ ဆိပ်ခံတံတား၊ ဆီတင်/ဆီချပန့်များ၊ ပိုက်လိုင်းများ၊ ဆီချပွိုင့်၊ ဆီဖြည့်ပွိုင့်နှင့် စက်သုံးဆီ လက်ခံသိုလှောင်ဖြန့်ဖြူးမည့်သံကန်များ စနစ်တကျ တည်ဆောက်တပ်ဆင်အသုံးပြုရမည်။

၁၂။ ဆီတင်ယာဉ်တစ်စီး၏ အင်္ဂါရပ်နှင့်အညီ သတ်မှတ်ပါရှိရမည့် ပစ္စည်းကိရိယာများ စုံလင်စွာတပ်ဆင်ထားရမည်။ **စွမ်းအင်ဝန်ကြီးဌာန**

အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့်လုပ်ငန်းစီမံချက်ကို ရေးဆွဲလျက်ရှိ ကုလသမဂ္ဂ ထောင်စုနှစ်ရည်မှန်းချက်များနှင့် ဘေဂျင်းကြေညာစာတမ်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီဥက္ကဋ္ဌ အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ ပထမအကြိမ် အစည်းအဝေး(၁/၂၀၁၂)တွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၁၄

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ ပထမအကြိမ် အစည်းအဝေး(၁/၂၀၁၂)ကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီဥက္ကဋ္ဌ အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီဝင်များဖြစ်ကြသည့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များတွင် အမျိုးသမီး၊ အမျိုးသား ခွဲခြားမှု မထားရှိခြင်းနှင့် တူညီသောအခွင့်အရေးကို ဖော်ညွှန်းသည့် ပြဋ္ဌာန်းချက်များ ပါရှိကြောင်း၊ အဆိုပါ ပြဋ္ဌာန်းချက်များအား ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာလတွင် အသစ်ပြင်ဆင်ဖွဲ့စည်းခဲ့ပြီးဖြစ်၍ ယခုအစည်းအဝေးမှာ ပထမအကြိမ်ကျင်းပသည့် အစည်းအဝေးဖြစ်ကြောင်း၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ကို ရေးဆွဲလျက်ရှိကြောင်း၊ ကုလသမဂ္ဂ ထောင်စုနှစ်ရည်မှန်းချက်များနှင့် ဘေဂျင်းကြေညာစာတမ်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ အတွင်းရေးမှူး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းမှုနှင့် လုပ်ငန်းတာဝန်များ၊ လုပ်ငန်းအဖွဲ့ခွဲ (၁၁)ဖွဲ့ ဖွဲ့စည်းမှုနှင့် လုပ်ငန်းတာဝန်များ၊ ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြမှုများအပေါ် ပြန်လည်သုံးသပ်၍ လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ပါကစ္စတန်နိုင်ငံမှ ပြန်လည်ရောက်ရှိ

နေပြည်တော် ဇန်နဝါရီ ၁၄

ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ပါကစ္စတန်နိုင်ငံ လေတပ်ဦးစီးချုပ် Air Chief Marshal Rao Qamar Suleman ၏ ဖိတ်ကြားချက်အရ ပါကစ္စတန်နိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ရာမှ ယနေ့ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိကြသည်။

ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းအား ဧရာဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူးနှင့် မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူးတို့က ကြိုဆိုကြသည်။**(ဓါပုံ)**

ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့်အတူ မြန်မာ့တပ်မတော်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များ ပြန်လည်လိုက်ပါလာကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပထမအကြိမ် ရောဝဏ် ရသစာတမ်းဆု မြန်မာစာအရေးအသားစွမ်းရည်ပြိုင်ပွဲ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်၌ ကျင်းပ

မန္တလေး ဇန်နဝါရီ ၁၄

မြန်မာ့အတွေးအမြင်အယူအဆများနှင့် ထူးချွန်ထက်မြက်သည့် လူ့စွမ်းအားအရင်းအမြစ်များ တိုးတက်ဖြစ်ထွန်းလာစေရန် မျှော်မှန်းချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် အဆင့်မြင့်ပညာ(တက္ကသိုလ်)အဆင့် "ရောဝဏ်ရသစာတမ်းဆု"မြန်မာစာအရေးအသားစွမ်းရည်ပြိုင်ပွဲကို ဇန်နဝါရီ ၁၄ ရက် နံနက် ၁၀ နာရီတွင် မန္တလေး နိုင်ငံခြားဘာသာတက္ကသိုလ်၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲကို မြန်မာစာအရေးအသားစွမ်းရည် မြင့်မားလာစေရန်၊ ကိုယ်ပိုင်စိတ်ကူးစိတ်သန်းများ ရှင်သန်ဖွံ့ဖြိုးလာစေရန်၊ မိမိ၏အတွေးအမြင်များကို ပုံဖော်ရေးသားတတ်လာစေရန် နိုင်ငံနှင့်လူမျိုး၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုများကို မြတ်နိုးလေးစားတန်ဖိုးထားသည့် စိတ်ဓာတ်များ ဖြစ်ထွန်းလာစေရန်ဆိုသည့် ရည်ရွယ်ချက်(၄)ရပ်ဖြင့် ကျင်းပခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲသို့ မန္တလေး နိုင်ငံခြားဘာသာတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာဇော်လင်း၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာအောင်မင်းဝင်း၊ ပါမောက္ခ/ဌာနမှူးများ၊ သင်တန်းရေးရာနှင့် စီမံ-ဘဏ္ဍာဌာနများမှ အရာရှိများက လှည့်လည်ကြည့်ရှု အားပေးကြကြောင်းနှင့် အထူးပြုဘာသာရပ်ဌာနများမှ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၇၅ ဦး ဝင်ရောက်ဖြေဆိုကြကြောင်း သိရသည်။ (သန့်ဇင်)

အထက(၂)စမ်းချောင်း (၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၄

St.Philomena's Convent နှင့် အထက(၂)စမ်းချောင်း၏ (၁၃)ကြိမ်မြောက် အငြိမ်းစားဆရာမကြီးများအား အာစရိယပူဇော်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၈ ရက် (စနေနေ့) နံနက် ၉ နာရီတွင် အထက(၂)စမ်းချောင်း စံပယ်ခန်းမ၌ ကျင်းပမည်ဖြစ်ပြီး အလုပ်အမှုဆောင် ဒုတိယအကြိမ် ဆွေးနွေးပွဲကို ဇန်နဝါရီ ၁၉ ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် အထက(၂)စမ်းချောင်း ပညာ့ဗိမာန်ခန်းမ၌ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

ပြည်တွင်းဈေးကွက်စီးပွား

နိုင်လင်းကြည်

ပဲမျိုးစုံဈေးကွက်များတွင် ဈေးကွက်လိုက်၍ ဈေးနှုန်းများတက်လျက်ရှိပြီး စားသုံးဆီဈေးကွက်နှင့် စားသောက်ကုန်ဈေးကွက်များတွင် အရည်အသွေးပေါ်မူတည်၍ ဈေးနှုန်းပြောင်းလဲမှုအမျိုးမျိုးဖြစ်ပေါ်ခဲ့သည်။

မတ်ပဲ ။ ။ မတ်ပဲသစ်များ ဈေးကွက်ဝင်လာသည်နှင့် တစ်ချိန်တည်းတွင် ဈေးနှုန်းတက်လာရာ မန္တလေးဈေးကွက်တွင် (တစ်တန်ဈေးနှုန်း) ငွေကျပ် ၃၇၇၈၀၀၊ မုံရွာဈေးကွက်တွင် ငွေကျပ် ၄၄၃၉၀၀၊ ပြည်ဈေးကွက်တွင် ငွေကျပ် ၄၁၉၄၀၀၊ ဟင်္သာတဈေးကွက်တွင် ငွေကျပ် ၄၁၃၃၀၀ တို့ဖြစ်သည်။

ပဲတီစိမ်း ။ ။ နှစ်ပတ်ဆက်တိုက် ဈေးနှုန်းတက်လာသော ပဲတီစိမ်းဈေးနှုန်းများမှာ မန္တလေးဈေးကွက်တွင် (တစ်တန်ဈေးနှုန်း) ငွေကျပ် ၆၂၀၃၀၀၊ မုံရွာဈေးကွက်တွင် ငွေကျပ် ၅၄၈၀၀၀ တို့ဖြင့် အရောင်းအဝယ်များ ဖြစ်ပေါ်ခဲ့သည်။

ပဲစင်းငုံ(နီ) ။ ။ မန္တလေးဈေးကွက်တွင် (တစ်တန်ဈေးနှုန်း) ငွေကျပ် ၄၇၉၅၀၀၊ မုံရွာဈေးကွက်တွင် ငွေကျပ် ၄၈၉၉၀၀၊ ပခုက္ကူဈေးကွက်တွင် ငွေကျပ် ၄၉၂၉၀၀နှင့် ပြည်ဈေးကွက်တွင် ငွေကျပ် ၄၄၃၉၀၀ တို့ဖြင့် ပေါက်ဈေးအသီးသီး ဖြစ်ပေါ်ခဲ့သည်။

ပဲဆီ ။ ။ စားသုံးဆီဈေးကွက်တွင် ဈေးအမြင့်ဆုံးဈေးကွက်ဖြစ်ပြီး ရန်ကုန်နှင့် စစ်တွေဈေးကွက်တွင် (တစ်ပိဿာဈေးနှုန်း) ငွေကျပ် ၃၅၀၀၊ မန္တလေးနှင့် တောင်ကြီးဈေးကွက်များတွင် ငွေကျပ် ၃၁၀၀၊ မကွေးဈေးကွက်တွင် ငွေကျပ် ၃၂၀၀ နှင့် မုံရွာနှင့် ပဲခူးဈေးကွက်များတွင် ငွေကျပ် ၃၃၀၀ တို့ဖြစ်သည်။

နှမ်းဆီ ။ ။ ရန်ကုန်နှင့် တောင်ကြီးဈေးကွက်များတွင် (တစ်ပိဿာဈေးနှုန်း) ငွေကျပ် ၂၇၀၀၊ မန္တလေး၊ မကွေးနှင့် မုံရွာဈေးကွက်များတွင် ငွေကျပ် ၂၄၀၀၊ ပဲခူးဈေးကွက်တွင် ငွေကျပ် ၂၈၀၀ နှင့် စစ်တွေဈေးကွက်တွင် ငွေကျပ် ၃၀၀၀ အထိ ရှိခဲ့သည်။

စားအုန်းဆီ ။ ။ ဈေးအနိမ့်ဆုံးဈေးကွက်ဖြစ်သော်လည်း ဈေးကွက်လိုက်၍ ဈေးနှုန်းအမျိုးမျိုး ဖြစ်ပေါ်ခဲ့ရာ ရန်ကုန်ဈေးကွက်တွင် (တစ်ပိဿာဈေးနှုန်း)ငွေကျပ် ၁၇၀၀၊ မန္တလေး၊ ပဲခူးနှင့်မကွေးဈေးကွက်များတွင် ငွေကျပ် ၁၈၀၀၊ တောင်ကြီးနှင့် စစ်တွေဈေးကွက်များတွင် ငွေကျပ် ၁၉၀၀ ကျော်တို့ဖြစ်သည်။

ငရုတ်သီး ။ ။ ရန်ကုန်၊ မန္တလေးနှင့် မြစ်ကြီးနားဈေးကွက်များတွင် (တစ်ပိဿာဈေးနှုန်း) ငွေကျပ် ၄၀၀၀၊ မကွေးနှင့် ပြည်ဈေးကွက်တွင် ငွေကျပ် ၃၈၀၀၊ ပဲခူးနှင့် စစ်တွေဈေးကွက်များတွင် ငွေကျပ် ၃၅၀၀ နှင့် တောင်ကြီးဈေးကွက်တွင် ငွေကျပ် ၄၅၀၀ အထိ ရှိခဲ့သည်။

ကြက်သွန်နီ ။ ။ ရန်ကုန်၊ မန္တလေး၊ မကွေးနှင့် ပြည်ဈေးကွက်များတွင် (တစ်ပိဿာဈေးနှုန်း) ငွေကျပ် ၆၀၀၊ စစ်တွေနှင့် ပဲခူးဈေးကွက်များတွင် ငွေကျပ် ၇၀၀ ကျော်၊ တောင်ကြီးဈေးကွက်တွင် ငွေကျပ် ၁၀၀၀ နှင့် မြစ်ကြီးနားဈေးကွက်တွင် ငွေကျပ် ၁၂၀၀ တို့ဖြင့် အရောင်းအဝယ် ဖြစ်ပေါ်ခဲ့သည်။

ကြက်သွန်ဖြူ ။ ။ ရန်ကုန်၊ မုံရွာနှင့် ပခုက္ကူဈေးကွက်များတွင် (တစ်ပိဿာဈေးနှုန်း)ငွေကျပ် ၂၅၀၀ ကျော်၊ မန္တလေး၊ မြစ်ကြီးနားနှင့် တောင်ကြီးဈေးကွက်များတွင် ငွေကျပ် ၂၀၀၀၊ မကွေး၊ ပြည်၊ ပဲခူးနှင့် စစ်တွေ ဈေးကွက်များတွင် ကြက်သွန်ဖြူတစ်ပိဿာ ဈေးနှုန်းငွေကျပ် ၂၂၀၀ တို့ဖြင့် ပေါက်ဈေးများရှိခဲ့သည်။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၅-၁-၂၀၁၂ (တနင်္ဂနွေနေ့)

[၁၃၇၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၇ ရက် (အဖိတ်နေ့)]

နံနက်ပိုင်း

၇:၀၀	၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅	၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀	၃။ နံနက်ခင်းသတင်း
၇:၄၀	၄။ အင်္ဂုဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇:၅၀	၅။ သံသာချိုအေးမင်္ဂလာတေး
၈:၀၀	၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈:၁၀	၇။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈:၂၀	၈။ အကပြိုင်ပွဲ
၈:၃၀	၉။ "အသက်ကလေးရယ်တဲ့ ရှည်စေလို"
၈:၄၅	၁၀။ တေးဂီတအစီအစဉ်
၈:၅၅	၁၁။ International News
၉:၀၀	၁၂။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀	၁။ စစ်သည်တေး
၁၁:၁၀	၂။ တေးဂီတအစီအစဉ်
၁၁:၂၀	၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၃၀	၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရဲစုံထောက်ဘတ်ကျောင်ဂွန်း" (အပိုင်း-၄၁)**
၁၂:၃၀	၅။ မြန်မာရုပ်ရှင် "ချစ်ခြင်းဖွဲ့မေတ္တာ" (ဒွေး၊ မင်းသူ၊ မင်းထက်ကျော်ဇင်၊ တင့်တင့်ထွန်း၊ အိန္ဒြာကျော်ဇင်၊ မြတ်ကေသီအောင်) (ဒါရိုက်တာ-ခင်မောင်ဦး၊ စိုးသိမ်းထွဋ်)
၂:၂၀	၆။ အတီးပြိုင်ပွဲ
၂:၃၅	၇။ "တောင်သူဘဝ ဆတိုးအကျိုးခံစား စပ်မျိုးစပါး (အပိုင်း-၂)
၂:၅၀	၈။ International News
၃:၀၀	၉။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀	၂။ တေးဂီအစီအစဉ်
၄:၂၅	၃။ "တက္ကစီမီတာသင်လိုရာ"
၄:၄၀	၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၄:၄၅	၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ-တတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
၅:၀၀	၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅:၀၅	၇။ "အနုပညာမိုးကောင်းကင်မှ ယဉ်ကျေးမှုငွေကြယ်ပွင့်များ" (အပိုင်း-၂) (ပန်းချီကျော်သျှင်နောင်၊ သရုပ်ဆောင်-အိချောပို)
၅:၂၅	၈။ ဆိုကြမယ်၊ ပျော်ကြမယ်
၆:၀၀	၉။ "နာဂရိုးရာယဉ်ကျေးမှု နှစ်သစ်ကူးပွဲတော် တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်"
၈:၀၀	၁၀။ ပြည်တွင်းသတင်း
	၁၁။ နိုင်ငံတကာသတင်းများ
	၁၂။ မိုးလေဝသအခြေအနေ
	၁၃။ **ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (ဒုတိယတွဲ) (အပိုင်း-၈၃)**
	၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကြယ်ပွင့်လေးရဲ့ဒဏ္ဍာရီ" (အပိုင်း-၆)**
	၁၅။ အစီအစဉ်ပြီး၏

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး ၁၁၅ မိုင်ရှိ Famous စားသောက်ဆိုင်မှ ဝန်ထမ်းများနှင့် လာရောက်စားသုံးသော အများပြည်သူများ၏ စုပေါင်းလှူဒါန်းငွေ ၁၇၀၂၃၆ ကျပ်ကို ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)သို့ လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူစဉ်။ (ကြေးမုံ)

KIA (ကချင်)အဖွဲ့က ထောင်ထားသော မိုင်းတစ်လုံး နင်းမိပေါက်ကွဲ၍ အပြစ်မဲ့ပြည်သူတစ်ဦး ဒဏ်ရာရရှိ

နေပြည်တော် ဇန်နဝါရီ ၁၄

ကချင်ပြည်နယ် ဖားကန့်မြို့နယ် လယ်ပြင်ကျေးရွာနေ ဦးကျော်မြင့်(၄၆)နှစ်သည် ဇန်နဝါရီ ၁၀ ရက် နံနက် ၁၀ နာရီခန့်တွင် တောင်ယာသို့ သွားရောက်စဉ် လုံးခင်းကျေးရွာ အရှေ့ဘက် ငါးမိုင်ခန့်အကွာခန့်၌ KIA(ကချင်) အဖွဲ့က ထောင်ထားသော မိုင်းတစ်လုံး နင်းမိပေါက်ကွဲ၍ လက်ဝဲဘက်လက်ချောင်းများ ပြတ်တောက်ပြီး တင်ပါးဆုံတွင် မိုင်းစထိမှန်ဒဏ်ရာများ ရရှိခဲ့သဖြင့် တာဝန်ရှိသူတို့က လုံးခင်းတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ဆေးဝါးကုသလျက် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မီးမလောင်ခင် သတိယှဉ် ကြိုတင်ကာကွယ်ပါ

(15-1)09.pmd 1 1/15/2012, 5:13 AM

ပျူခေတ်လက်ရာ ပုတီးစေ့များနှင့် ကြေးချူများ တာဝန်သိသိအပ်နှံမှုအတွက် ဆုကြေးငွေများ ထိုက်တန်စွာချီးမြှင့်

နေပြည်တော် ဇန်နဝါရီ ၁၄

နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ကူးတို့ဆိပ်ကျေးရွာ အုပ်စု ကံဦးကျေးရွာနေ ဦးဟန်တင်သည် မရမ်းတောင်အောက် ကျေးရွာအနီး၌ တဲထိုးရန် မြေပေါက်ရာမှ မြေအိုးတစ်လုံးကို ပေါက်မိသဖြင့် တူးဖော်ကြည့်ရာ ပျူခေတ်ကျောက်ရောင်စုံပုတီးစေ့ ၃၄၇ လုံး၊ အရိုး ပုတီးစေ့များ၊ ကျောက်ပုတီးစေ့များ၊ ကြေးချူ ၂၈ လုံးနှင့် ကုန်းဘောင်ခေတ်လက်ရာ ငွေပြား နှစ်ပြားတို့ကို တွေ့ရှိခဲ့ပြီး ယင်းရှေးဟောင်းပစ္စည်းများကို မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ တစ်ဆင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်း သုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနသို့ အပ်နှံခဲ့သည်။

အပ်နှံပစ္စည်းများကို ဦးစီးဌာနရှိ ရှေးဟောင်းပစ္စည်း အကဲဖြတ်အဖွဲ့က စစ်ဆေးပြီး ခေတ်ကာလကြေး၊ လက်ရာကြေးများ တွက်ချက်၍ ရှေးပစ္စည်းတွေ့ရှိအပ်နှံသူအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့်အတူ ဆုကြေးပေးအပ် ချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ပျဉ်းမနားမြို့နယ် အုပ်ချုပ်ရေးမှူးရုံး၌ကျင်းပရာ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိန်ဝင်းက ယခုကဲ့သို့ ရှေးဟောင်း ပျူခေတ်လက်ရာပစ္စည်းများ လာရောက်အပ်နှံမှုအတွက် ကျေးဇူးတင်ရှိကြောင်း၊ လာရောက်အပ်နှံသော ပစ္စည်းများသည် ပျူခေတ်လက်ရာဖြစ်သဖြင့် နိုင်ငံတော်က ထိုက်တန်စွာ ဆုချီးမြှင့်ခြင်းဖြစ်ကြောင်း၊ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းများကို လာရောက်အပ်နှံပါက ရှေးဟောင်းပစ္စည်းများ၏ မူလတန်ဖိုးပေါ်တွင် ခေတ်ကာလ တန်ဖိုးနှင့် လက်ရာတန်ဖိုး ထပ်ဆောင်းလျက် ယဉ်ကျေးမှုဝန်ကြီးဌာနက ဆုများထိုက်တန်စွာ ချီးမြှင့်လျက်ရှိကြောင်း၊ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းများကို အကြောင်းအမျိုးမျိုးကြောင့်တွေ့ရှိပါက တာဝန်သိသိဖြင့် နိုင်ငံတော်သို့ အပ်နှံစေရန်လည်း အသိပညာပေးလျက် ရှိကြောင်း၊ ယဉ်ကျေးမှုတန်ဖိုး မြင့်မားသည့် ရှေးဟောင်းပစ္စည်းများကို ဖျက်ဆီးခြင်း၊ တရားမဝင်ရောင်းချခြင်းများကိုလည်း တည်ဆဲဥပဒေများအရ ကာကွယ်ထိန်းသိမ်းလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ်က ပျူခေတ်လက်ရာ ပုတီးစေ့များ၊ ကြေးချူများနှင့် ငွေပြား နှစ်ပြား လာရောက်အပ်နှံသည့် ဦးဟန်တင်အား ဆုကြေးငွေ ၁၁၆၄၉၆၄ ကျပ်ကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဆုကြေးငွေ ချီးမြှင့်ခံရသူ ဦးဟန်တင်က ကိုယ်တိုင်တွေ့ရှိအပ်နှံခဲ့မှုနှင့် ယခုကဲ့သို့ နိုင်ငံတော်က ထိုက်တန်စွာ ဆုချီးမြှင့်ခြင်းအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ရှေးဟောင်းပစ္စည်းများ တွေ့ပါက တာဝန်သိစွာ သွားရောက်အပ်နှံကြရန် ထပ်ဆင့်အသိပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်းပြောကြားသည်။

ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံအနှံ့မှတွေ့ရှိသည့် ယဉ်ကျေးမှုအမွေအနှစ် ဝတ္ထုပစ္စည်းများကို တာဝန်သိသိဖြင့် လာရောက်အပ်နှံပါက အဆိုပါပစ္စည်း၏ ကာလတန်ဖိုးအပြင် ရှေးဟောင်းပစ္စည်းတန်ဖိုး၊ ရှေးဟောင်းလက်ရာတန်ဖိုး၊ ခေတ်ကာလတန်ဖိုးများပါ ထပ်ဆောင်းလျက် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကာ ယဉ်ကျေးမှုတန်ဖိုးမြင့်မားသော ရှေးဟောင်းဝတ္ထုပစ္စည်းများကို စုဆောင်းထိန်းသိမ်းလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိန်ဝင်း ပျူခေတ်လက်ရာ ပုတီးစေ့များ၊ ကြေးချူများနှင့် ငွေပြားနှစ်ပြား လာရောက်အပ်နှံသည့် ဦးဟန်တင်အား ဆုကြေးငွေများ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

❍ **ကျောဖုံးမှ**

ယင်းနောက် မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံအကြား စီးပွားရေးနှင့် စက်မှုပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ ဖြစ်ကြသည့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး၊ စီးပွားရေးဝန်းကျင် ပိုမိုတိုးတက်ကောင်းမွန်ရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး၊ စွမ်းအင်၊ သတ္တုနှင့်သဘာဝအရင်းအမြစ်များ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဂျပန်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များက ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်မေးမြန်းဆွေးနွေးကြသည်။

ထို့နောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနနှင့် ဂျပန်ပြည်ပကုန်သွယ်ရေးအဖွဲ့၊ ရန်ကုန်ရုံး (JETRO-ရန်ကုန်) တို့အကြား ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာနားလည်မှုစာလွှာနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကျေးလက်ဒေသ စွမ်းအင်ဖွံ့ဖြိုးမှုကော်မတီနှင့် ဂျပန်နိုင်ငံစွမ်းအင်သစ်နှင့် စက်မှုဆိုင်ရာနည်းပညာ ဖွံ့ဖြိုးရေးအဖွဲ့ (NEDO)တို့အကြား ပြည့်ဖြိုးမြဲစွမ်းအင်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုးကြသည်။

အဆိုပါအစည်းအဝေးသို့ တက်ရောက်လာသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌက ကမ္ဘာ့အဆင့်မြင့် နည်းပညာများနှင့် တန်ဖိုးမြင့်ဈေးကွက်များ ပိုင်ဆိုင်သည့် ဂျပန်နိုင်ငံ စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဦးဆောင်သော အပြည်ပြည်ဆိုင်ရာ ဂျပန်ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီကြီးများမှ တာဝန်ရှိသူများကိုယ်တိုင် မြန်မာနိုင်ငံ၏ အခြေခံအဆောက်အအုံများ၊ စီးပွားရေးနှင့်စက်မှုကဏ္ဍများတွင် ဖွံ့ဖြိုးတိုးတက်အောင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြသဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် လာမည့်နှစ်များအတွင်း ယခုထက်ပိုမိုတိုးတက်ကောင်းမွန်လာမည်ဟု သုံးသပ်ပြောကြားခဲ့သည်။ (သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာ စစ်တုရင် နည်းပြသင်တန်းဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၄

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန၊ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်နှင့် ကမ္ဘာ့စစ်တုရင် အဖွဲ့ချုပ်တို့ ပူးပေါင်း၍ အပြည်ပြည် ဆိုင်ရာ စစ်တုရင်နည်းပြသင်တန်း (FIDE Trainers' Seminar) ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၃ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ စင်ထရယ်ဟိုတယ်၌ ကျင်းပပြီး သင်တန်းစတင်ပို့ချသည်။

အဆိုပါအပြည်ပြည်ဆိုင်ရာ စစ်တုရင်နည်းပြသင်တန်းကို ကမ္ဘာ့စစ်တုရင်အဖွဲ့ချုပ်မှ Mr. Ignatius Leong နှင့် Mr. Eric Gloria တို့က သင်ကြားပို့ချကြပြီး သင်တန်းသား သင်တန်းသူ စုစုပေါင်း ၂၂ ဦး တက်ရောက်ကြသည်။

သင်တန်းကာလမှာ ဇန်နဝါရီ ၁၃ ရက်မှ ၁၈ ရက်အထိ ဖြစ်ပြီး သင်တန်းတက်ရောက် စာမေးပွဲဖြေဆိုပြီးစီးပါက အောင်မြင်မှုအဆင့်အလိုက် Developmental Instrvetor (DI)၊ National Instructor (NI)၊ FIDE Instructor (FI)၊ FIDE Trainer (FT)ဘွဲ့များကို ကမ္ဘာ့စစ်တုရင်အဖွဲ့ချုပ်က ပေးအပ်ချီးမြှင့်မည် ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

❊ **လက်ရှိချန်ပီယံမှ**

ရောဝတီဖြစ်ပြီး ၂၃ မိနစ်တွင် ဂျူပီတာက သွင်းယူခဲ့ခြင်းဖြစ်သည်။ ရန်ကုန်အတွက် ချေပဂိုးကို ၅၃ မိနစ်တွင် မီလန်က ပယ်နယ်တီမှတစ်ဆင့် သွင်းယူခဲ့သည်။

(အောင်ဆန်းကွင်း)

ဟံသာဝတီယူနိုက်တက် - နှစ်ဂိုး

(ဂျူနီယာ)

ရက္ခပူရယူနိုက်တက် - တစ်ဂိုး

(အန်ဒရေ)

(မုံရွာကွင်း)

ဇေယျာရွှေမြေ - လေးဂိုး

(ဆာဆာ-နှစ်ဂိုး၊ နိုင်ကိုလင်းနှင့် စည်သူဝင်း)

ချင်းယူနိုက်တက် - တစ်ဂိုး

(မာလ)

(KBZ ကွင်း)

ကမ္ဘောဇ - နှစ်ဂိုး

(စိုးမင်းဦး)

ဇွဲကပင်ယူနိုက်တက် - ဂိုးမရှိ

(NPTကွင်း)

နေပြည်တော် - တစ်ဂိုး

(ပြည့်ဖြိုးဦး)

မနောမြေ - ဂိုးမရှိ

ယနေ့ပွဲ

(ပဒုမ္မာကွင်း)

Southern - မောရဝတီ

သတင်းနှင့် ဓာတ်ပုံ ရှိုင်းထက်ဇော်

အပြည်ပြည်ဆိုင်ရာ စစ်တုရင်နည်းပြသင်တန်း ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။ (စစ်တုရင်အဖွဲ့ချုပ်)

မိုးရေချိန်စံချိန်သစ်

နေပြည်တော် ဇန်နဝါရီ ၁၄

ယနေ့ နံနက် ၉ နာရီခွဲချိန် တိုင်းထွာချက်များအရ အောက်ဖော်ပြပါစခန်း၌ ဇန်နဝါရီလ၏ (၂၄)နာရီအတွင်း ရွာသွန်းခဲ့သော မိုးရေချိန်စံချိန်သစ်ကို တိုင်းထွာရရှိသည်-

စဉ်	စခန်းအမည်	မိုးရေချိန်စံချိန်သစ်		စံချိန်ဟောင်း		ယခင်စံချိန်ကျိုးခဲ့သည့်နှစ်	စံချိန်ကျိုးသည့်နှစ်ပေါင်း
		မီလီမီတာ	လက်မ	မီလီမီတာ	လက်မ		
၁	ကျိုက္ခမီ	၇၅	၂.၉၅	၄၂	၁.၆၅	၃၀-၁-၁၉၉၉	၃၀

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား ဘော်လီဘောပြိုင်ပွဲ ဆက်လက်ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၄

၂၀၁၂ ခုနှစ် ပဉ္စမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား ဘော်လီဘောပြိုင်ပွဲ ပထမအဆင့်အုပ်စု ပတ်လည်ပြိုင်ပွဲများကို ယနေ့တွင် နေပြည်တော် ဘော်လီဘောကွင်း၌ ကျင်းပလျက်ရှိရာ နံနက်ပိုင်း ပထမပွဲစဉ်တွင် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက ပညာရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်၊ ဒုတိယပွဲစဉ်တွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းက သာသနာရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်တို့ဖြင့် လည်းကောင်း၊ ညနေပိုင်း ပထမပွဲစဉ်တွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းက အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းကို သုံးပွဲ-တစ်ပွဲ၊ ဒုတိယပွဲစဉ်တွင် အားကစားဝန်ကြီးဌာနအသင်းက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအသင်းကို သုံးပွဲ-နှစ်ပွဲတို့ဖြင့် လည်းကောင်း အနိုင်ရရှိကြပြီး ပြိုင်ပွဲများကို ဇန်နဝါရီ ၁၆ ရက်တွင် ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အင်္ဂလိပ်ပရီမီယာလိဂ် ပွဲစဉ် (၂၁) အနိုင်/အရှုံးရလဒ်များ

ဝက်စ်ဘရွန်း	၁	-	၂	နော့ဝှစ်ချ်
ဗီလာ	၁	-	၁	အဲဗာတန်
ဘလက်ဘန်း	၃	-	၁	ဖူလ်ဟမ်
ချဲလ်ဆီး	၁	-	၀	ဆန်းဒါးလန်း
လီဗာပူး	၀	-	၀	စတုတ်စီးတီး
မန်ယူ	၃	-	၀	ဘော်လ်တန်
စပါး	၁	-	၁	ဝုလ်ဗာဟမ်တန်

သတိပြုဆင်ခြင်စရာ မှုခင်းအဖြာဖြာ

ဆိုင်ကယ်လုယက်သူများအား ဖော်ထုတ်ဖမ်းဆီး

ရန်ကုန် ဇန်နဝါရီ ၁၄

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် . . . ကျေးရွာနေ ကိုမြင့်ခိုင်သည် တစ်ရွာတည်းနေ ရည်းစားဖြစ်သူ မ. . . . (၁၉)နှစ်နှင့်အတူ ဆိုင်ကယ်တစ်စီးဖြင့် ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၂၆ ရက် ည၇ နာရီခွဲတွင် ဘုရားကုန်းကျေးရွာ ကျိုက်ခေါက်ဘုရားအနောက်ဘက် ကွန်ကရစ်လမ်းအုတ်ခုံ၌ ထိုင်၍ စကားပြောနေစဉ် အမည်မသိလူငယ် သုံးဦးက ဆိုင်ကယ်ဖြင့်ရောက်လာပြီး ဆိုင်ကယ်ကို မောင်းနှင်ထွက်ပြေးသွားသဖြင့် ကိုမြင့်ခိုင်က တိုင်တန်းခဲ့ရာ သန်လျင်ရဲစခန်းက အမှုဖွင့်အရေးယူခဲ့သည်။

အမှုနှင့်စပ်လျဉ်း၍ ရန်ကုန်တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့ဝင်များနှင့် သန်လျင်ရဲတပ်ဖွဲ့စခန်းမှ တပ်ဖွဲ့ဝင်များသည် အခင်းဖြစ်ရာ နေရာနှင့် အနည်းငယ်အလှမ်းကွာဝေးသည့် နေရာတို့၌ သမီးရည်းစားအသွင်ဆောင်၍ လှေ့လာစုံစမ်းခဲ့ရာ ဒီဇင်ဘာ ၂၉ ရက် နံနက် ၁၁ နာရီတွင် လုယူခံရသည့် ဆိုင်ကယ်နှင့်အတူ လူငယ် သုံးဦးအား ဘုရားကုန်းကျေးရွာ၌ တွေ့ရှိရှာဖွေခဲ့ရာ ဆိုင်ကယ်ကိုပစ်ပြီး ထွက်ပြေးသွားသဖြင့် ဆိုင်ကယ်ကို သိမ်းဆည်းနိုင်ခဲ့သည်။

ဆက်လက်၍ စုံစမ်းရှာဖွေရာ ဆိုင်ကယ်လုယက်ထွက်ပြေးသွားသူများ ဖြစ်ကြသည့် သန်လျင်မြို့နယ် ဗိုလ်ချုပ်ကျေးရွာနေ ပိုင်ပိုင်(ခ)ပိုင်မြတ်ဟိန်းထက်အောင် (၁၈)နှစ်၊ သန်းဇော်လင်း(၁၈)နှစ်နှင့် ချမ်းမြေ့(ခ) ချမ်းမြေ့နိုင် (၁၈)နှစ်တို့အား ယင်းနေ့ ညနေပိုင်းတွင် ယင်းတို့၏ နေအိမ်နှင့် ဈေးတို့တွင် ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

ဖော်ပြပါ မှုခင်းဖြစ်စဉ်ကို ထောက်ရှု၍ လူငယ်လူရွယ်များ၊ မိတ်ဆွေသူငယ်ချင်းများ၊ ချစ်သူစုံတွဲများသည် ညအချိန် လူသူ သွားလာမှုကင်းသည့်နေရာများတွင် တွေ့ဆုံခြင်းမျိုးကို ရှောင်ရှားသင့်ကြောင်း၊ မှုခင်းကြီးငယ်ဖြစ်ပွားပါက လူမှုရေးဆိုင်ရာ ပြဿနာပေါင်းများစွာနှင့် ရင်ဆိုင်ကြုံတွေ့ရတတ်ကြောင်းစသည့် သင်ခန်းစာများကို ယူတတ်ကြစေရန် ရေးသားတင်ပြလိုက်ရပါသည်။ (ရီရီမြင့်-သတင်းစဉ်)

တပ်ကုန်းမြို့ လွတ်လပ်ရေးနေ့ ခြင်းလုံးခတ်ပြိုင်ပွဲကို ဇန်နဝါရီ ၈ ရက်က ဘုရင့်နောင်ရပ်ကွက်၌ ကျင်းပရာ ပထမ ကောင်းဝေအသင်း၊ ဒုတိယ ရွှေပျံလွှားအသင်းတို့ရရှိပြီး ဆုများကို ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဝင်းလွင် ချီးမြှင့်စဉ်။ (၀၉၂)

တန်ဖိုးရှိလှ
လူငယ်ဘဝ
မူးယစ်ကင်းစင်
ကျန်းမာမှု

အပြည်ပြည်ဆိုင်ရာ ဂျပန်ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီကြီးများ မြန်မာနိုင်ငံ၏ အခြေခံအဆောက်အအုံ၊ စီးပွားရေးနှင့် စက်မှုကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးတွင် ပူးပေါင်းပါဝင်လာ

နေပြည်တော်　　ဇန်နဝါရီ　　၁၄

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် ဂျပန်နိုင်ငံတို့အကြား စီးပွားရေးနှင့် စက်မှုပူးပေါင်းဆောင်ရွက်ရေး အစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အစည်းအဝေးသို့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း ဦးဆောင်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန၊ အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနနှင့် အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဂျပန်နိုင်ငံစီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Yukio EDANO ဦးဆောင်၍ NEDO၊ JETRO၊ Japan Oil, Gas and Metals National Corporation (JOGMEC)၊ Nippon Export and Investment Insurance (NEXI)၊ Keidanren ကုမ္ပဏီများ၊ ရန်ကုန်မြို့ရှိ ဂျပန်စက်မှုလုပ်ငန်းရှင်များအသင်းမှ ကိုယ်စားလှယ်များနှင့် စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဂျပန်နိုင်ငံစီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီးတို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

စာမျက်နှာ ၁၀ ကော်လံ ၅ သို့ ❍

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းနှင့် ဂျပန်နိုင်ငံ စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနဝန်ကြီး H.E.Mr. Yukio EDANO တို့ နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်ကြစဉ်။ (သတင်းစဉ်)

ယနေ့ သတင်း အညွှန်း

ကြိုးတန်းပေါ်က မင်းသမီးနှင့် မြည်းတစ်ကောင်

❝ကြိုးတန်းပေါ်က မင်းသမီးလေး ကျလာမယ့်အချိန်ကို ငါ စောင့်နေတာပါ❞

စာတည်းရှုထောင့် စာမျက်နှာ ၂

အီတလီ အပျော်စီးသင်္ဘော သောင်တင်ပြီး နစ်မြုပ်

နိုင်ငံတကာ သတင်း စာမျက်နှာ ၄

အပိုဆုကြေးချီးမြှင့်ခြင်း မရှိတော့သော်လည်း သိန်း ၁၅၀၀ ဆု တိုးမြှင့်လိုက်ခြင်းကြောင့် ထီစျေးနှုန်းများ မြင့်တက်

ပြည်တွင်း သတင်း စာမျက်နှာ ၅

ချစ်ကို . . . တစ်စီးလောက်

❝အဆိုပါခွင့်တောင်းတာမျိုး ကြားတိုင်း ရင်တမမ ခံစားရ❞

ပြည်တွင်း သတင်း စာမျက်နှာ ၇

နိုင်ငံတကာ အားကစားသတင်း

ရီးယဲလ်မက်ဒရစ်ကစားသမားခေဒီရာ ခြေချင်းဝတ်ဒဏ်ရာကြောင့် တစ်လကျော် ကစားနိုင်မည်မဟုတ်ဟုဆို

ရီးယဲလ်မက်ဒရစ်ကွင်းလယ်ကစားသမား ဆာမီခေဒီရာသည် ဇန်နဝါရီ ၁၁ ရက်က ခြေချင်းဝတ်ဒဏ်ရာရရှိခဲ့ခြင်းကြောင့် ၎င်း၏ အသင်းကစားမည့်ပွဲများတွင် တစ်လကျော်ကြာ ပါဝင်ကစားနိုင်မည် မဟုတ်ကြောင်း အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

၎င်းသည် ဇန်နဝါရီ ၁၀ ရက်က မာလာကာအသင်းနှင့် ကစားခဲ့သည့် ပွဲတွင် ပွဲချိန် ၄၃ မိနစ်တွင် ဂိုးသွင်းပြီးနောက် ဆိုးဆိုးရွားရွား လဲကျခဲ့ရာမှ လူစားထိုး လဲလှယ်ကစားခံခဲ့ရခြင်းဖြစ်သည်။

၎င်းသည် ဘယ်ဘက်ခြေချင်းဝတ်အရိုးချင်းဆက်သည့်နေရာတွင် ပြင်းပြင်းထန်ထန် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ကြောင်းလည်း ၎င်းအား စမ်းသပ်စစ်ဆေးမှုများအရ အခိုင်အမာပြောကြားထားသည်။

ခေဒီရာ၏ ခြေချင်းဝတ်ဒဏ်ရာကြောင့် ၎င်းသည် မာယော့ကာ၊ အက်သလက်တီကိုမက်ဒရစ်တို့နှင့် ယှဉ်ပြိုင်ကစားမည့်ပွဲများတွင်လည်း ပါဝင်ကစားရမည့်အခြေအနေနှင့် လွဲရဦးမည်ဖြစ်သည်။

အင်တာနက်။

ရီးယဲလ်မက်ဒရစ်ကွင်းလယ်ကစားသမား ဆာမီခေဒီရာ။

လက်ရှိချန်ပီယံ ရန်ကုန်နှင့် ရေဝတီတို့ အရှုံးအနိုင်မပေါ်

ရန်ကုန်　　ဇန်နဝါရီ　　၁၄

MNL Myanmar 2012 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပထမအကျော့ ပွဲစဉ် (၂) ဒုတိယနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းကကျင်းပခဲ့ရာ ရေဝတီနှင့် ရန်ကုန်တို့ သရေကျသွားပြီး ကမ္ဘောဇ၊ ဇေယျာရွှေမြေ၊ နေပြည်တော်နှင့် ဟံသာဝတီတို့ နိုင်ပွဲရရှိသွားသည်။

(ပဒုမ္မာကွင်း)

ရေဝတီယူနိုက်တက်　-　တစ်ဂိုး

(ဂျူပီတာ)

ရန်ကုန်ယူနိုက်တက်　-　တစ်ဂိုး

(မီလန်-ပယ်နယ်တီ)

ရန်ကုန်အသင်းနှင့်တွေ့ဆုံတိုင်း ရလဒ်ကောင်းလေ့ရှိသည့် ရေဝတီအသင်းမှာ ယခုပွဲတွင်လည်း အမှတ်ယူနိုင်ခဲ့ပြီး အမှတ်ပေးပွဲ ၂၄ ပွဲဆက် ရှုံးပွဲမရှိစံချိန်ကို ရယူနိုင်ခဲ့သည့် လက်ရှိချန်ပီယံ ရန်ကုန်အသင်းမှာ နိုင်ပွဲရရန်ကြိုးစားခဲ့သော်လည်း ရေဝတီ ဂိုးသမား သီဟစည်သူ သေချာပေါက်ဂိုးအချို့ကို ကာကွယ်သွား၍ နိုင်ပွဲနှင့်ဝေးခဲ့ရခြင်းဖြစ်သည်။ အရေးပါသည့်ပွဲဖြစ်သည်နှင့်အညီ နှစ်သင်းစလုံး လူစုံထုတ်ကစားခဲ့ကြပြီး ပွဲမှာအကြိတ်အနယ် ရှိခဲ့သည်။ ဒိုင်လူကြီးများ၏ ဆုံးဖြတ်ချက်များမှန်ကန်တိကျပါက ပွဲမှာ ယခုထက် ပိုမိုကောင်းမွန်ဖွယ်ရှိနိုင်သည်။ ပွဲအစပိုင်းတွင် ရန်ကုန်တို့ဖိကစားနိုင်ခဲ့သော်လည်း ဂိုးရသွားသည့်အသင်းမှာ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✳**

ရန်ကုန်တိုက်စစ်ကို ရေဝတီနောက်ခံလူများနှင့် ဂိုးသမား သီဟစည်သူ ကာကွယ်စဉ်။

လူကုန်ကူးမှုဆိုင်ရာ သတင်းများ ဆက်သွယ်ပေးပို့နိုင်

နိုင်ငံတော်က လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ ဆောင်ရွက်လျက်ရှိရာတွင် ပြည်သူလူထု ပိုမိုပူးပေါင်းပါဝင်လာစေရေးအတွက် လူကုန်ကူးမှုဆိုင်ရာသတင်းများ ဆက်သွယ်ပေးပို့ရမည့် ဖုန်းနံပါတ်များကို ထားရှိပေးထားသည်။ ၎င်းတို့မှာ နေပြည်တော် ဖုန်း-၀၆၇-၄၁၂၅၅၅၊ ၀၆၇-၄၁၂၆၆၆၊ မူဆယ်မြို့ ဖုန်း-၀၉-၄၉၅၅၅၆၆၆၊ မန္တလေးမြို့ ဖုန်း-၀၉-၄၉၅၅၅၇၇၇ နှင့် ရန်ကုန်မြို့ ဖုန်း-၀၉-၄၉၅၅၅၈၈၈၊ ၀၉-၄၉၅၅၅၉၉၉ တို့ ဖြစ်ကြောင်း သိရှိရသည်။